စိတ်ကူးချိုချိုအနုပညာ

မန်းတင်

# ကိုဖိုးလုံး


( မြန်မာနိုင်ငံလုံးရှိ ကိုဖိုးလုံးများသို့ )



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

စာရေးသူ နိုင်ငံ့ဝန်ထမ်းဘဝဖြင့်
ကျေးလက်ဒေသများသို့ ရောက်ရှိကျင်လည်ခဲ့စဉ်အချိန်
မြန်မာ့လယ်ယာမြေမှ တောင်သူလယ်သမားများဘဝ
အဖြစ်သနစ်စုံကို ဖော်ကျူးသော ကိုဖိုးလုံးဇာတ်ကောင်ကိုယ်စားပြု
ဝတ္ထုတိုလက်ရာများကို စုစည်းထုတ်ဝေခဲ့သည့်
ယခုစာအုပ်မှာ စာရေးဆရာကြီးမန်းတင်၏
ထင်ရှားခဲ့သော စာပေလက်ရာတစ်ခုပင်ဖြစ်ပါသည်။
ထိုခေတ် ထိုစနစ် မြန်မာ့လယ်ယာမြေမှ
တောင်သူလယ်သမား ကိုဖိုးလုံးများ၏
ဖြစ်ရပ်မှန် အခြေပြု ဇာတ်လမ်းစုံကို
ယနေ့စာဖတ်သူများလည်း စာနာခံစားနိုင်ကြလိမ့်မည် ထင်ပါသည်။



nw0075
2000.00 Ks

mgyoe.com

ကိုပိုးလုံး။ မန်းတင်
စာမျက်နှာ ၂၃၃ မျက်နှာ၊ ၁၂ ·၇စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၆ စာသဘင်စာအုပ်တိုက်ထုတ် ပထမအကြိမ်မှု၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကိုဖိုးလုံး

## မန်းတင်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## (မြန်မာနိုင်ငံလုံးရှိ ကိုဖိုးလုံးများသို့)

အမှာ

"ကိုဖိုးလုံး တေးဆိုနေသည်။

ငယ်စဉ်က ဖတ်စာအုပ်ထဲတွင် ဖတ်ရှုသင်ကြားခဲ့ရသည့် ကိုဖိုးလုံး၏သီချင်းသံသည် ပတ်ဝန်းကျင်တွင် ပျံ့ဝဲနေခဲ့သည်။ ပျော်နေမည့် ကိုဖိုးလုံး ရွှင်ပြုံးနေမည့် ကိုဖိုးလုံး ထိုကိုဖိုးလုံးကို မြင်ယောင်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ်ဖြင့် ကျေးလက်တောရွာများသို့လှည့်လည်ခဲ့ရာတွင် ကိုဖိုးလုံးနှင့် တွေ့ခွင့်ရခဲ့သည်။ တစ်ယောက်တည်းမဟုတ်၊ မြောက်မြားစွာသော ကိုဖိုးလုံးတို့နှင့် တွေ့ခဲ့ရ ဆုံခဲ့ရသည်။

ကျွန်တော်တွေ့ခဲ့သော ကိုဖိုးလုံးကား တေးမဆိုပါ။

ကိုဖိုးလုံးသည် မရွှင်မပြုံး။ သူ့မျက်နှာထားသည် ညှိုးနွမ်းနေပါသည်။ သူသည် အားငယ်နေဟန်တူပါသည်။ ကျေးလက်တောရွာ၏သဘာဝအလှကိုကြည့်ရင်း ကိုဖိုးလုံး၏တေးသံကို တောင့်တမိသည်ကြားချင်စိတ်ပြင်းပြခဲ့သည်။

ကိုဖိုးလုံးကား တေးမဆိုပါ။

mgyoe.com

mgyoe.com



ဘယ်အတွက်ကြောင့် ကိုဖိုးလုံး တေးမဆိုပါသလဲ။ ကိုဖိုးလုံး၏ ဖြစ်အင်ကိုဆင်ခြင်မိသည်။

ကိုဖိုးလုံးတေးဆိုပါတော့...

သူ့တေးသံကိုစောင့်မျှော်ရင်း ကျွန်တော်ကြားရမြင်ရသည့်အတိုင်း သူ့ဘဝကို ရေးခြယ်ပြလိုက်ပါသည်။ သူ့ဘဝသည် သီချင်းသံများဖြင့် ညံမနေပါ။ စွန့်စားခန်းတွေနှင့်လည်း ပြည့်မနေပါ။ ချစ်ရေးပျူငှာ တီတာတာတို့နှင့်လည်း တန်ဆာမဆင်ပါ။ သို့သော် စိတ်ဝင်စားစရာ တော့ ကောင်းပါလိမ့်မည်။သူ့ဘဝကို လေ့လာသူသည် သူ့ကိုစိတ်ဝင်စား ရမည်ဟု ယုံကြည်ပါသည်။

မန်းတင်
ရန်ကုန်မြို့
၁၉၅၆ ခု စက်တင်ဘာလ ၂၅ ရက်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စိုးတရွဲ့ရွဲ့ | ၁ |
| ၂။ | သံသယ | ၉ |
| ၃။ | ရှာမယ့်ရွှေမိုး | ၂၁ |
| ၄။ | ဖြေမဆည် | ၃၅ |
| ၅။ | အရသာ | ၄၉ |
| ၆။ | အဘာဆန္ဒ | ၆၃ |
| ၇။ | ကျွန်စိတ်သို့ | ၈၁ |
| ၈။ | သူ့အဖြေ | ၉၆ |
| ၉။ | မြေငတ်သူ | ၁၁၃ |
| ၁၀။ | ဝမ်းတစ်ထွာ | ၁၃၆ |
| ၁၁။ | ပျော်ချင်စမ်းပါဘိ | ၁၅၃ |
| ၁၂။ | သည်ဘဝနှင့် သည်သီလ | ၁၆၈ |
| ၁၃။ | တွေ့ဆုံရန်ခက်ပါဘိ | ၁၈၈ |
| ၁၄။ | တွေ့တော့တွေ့ပြီ | ၂၀၉ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စိုးတရွံ့ရွံ့

မန်းတင်ရေးသည်

မိုးသည် တဖြိုက်ဖြိုက်ရွာသွန်းလျက် ရှိသည်။

ကိုဖိုးလုံးသည် လုံချည်တိုတိုနှင့် ခမောက်ကိုဆောင်းကာ ရွာထဲမှ ထွက်ခဲ့လေသည်။ လက်တစ်ဖက်တွင် ပုလင်းနှစ်လုံးထည့်ထားသော ဖျင်ကြမ်းလွယ်အိတ်နှင့် အခြားလက်တစ်ဖက်တွင် ဝါးရင်းတုတ်တစ်ချောင်းကို ဆွဲကိုင်လာလေသည်။ ရွှံ့အလိမ်းလိမ်းကပ်နေသော ခြေအစုံသည် ကန်သင်းများပေါ်တွင် ခပ်သုတ်သုတ်လှမ်းလျက် ရှိလေသည်။ ရွာမှ ထွက်လျှင်ပင် အရှေ့ဘက်တောင်တန်းအထိ အကန့်လိုက်အကွက်လိုက်ကျယ်ပြန့်လှသော လယ်ကွင်းကြီးကို မျှော်မှန်းကြည့်ရှုမိလေသည်။ လယ်ကွင်းအသီးသီးတွင် တံပြာတဝင့်ဝင့်နှင့် ရွှံ့ထဲတွင် တစွပ်စွပ်နင်းကာ ထွန်တုံးနောက်တွင် တဟဲ့ဟဲ့မြည်တွန်နေကြသော လယ်သမားများကို တွေ့မြင်ရလေသည်။ ကန်သင်းဆုံများတွင် ဆောက်လုပ်ထားအပ်သော လယ်သမားတို့၏ ရိပ်မြုံများမှ သက်ငယ်မိုးများမှ ဖောက်ထွင်း၍ တလူလူတက်နေကြသော မီးခိုးများသည် လေထဲတွင် လွင့်ပါးနေလေသည်။

mgyoe.com

mgyoe.com


ကိုဖိုးလုံးသည် ရှမ့ျော်ခင်းကြီးကို ကြည်နူးနေရာမှ မိမိအိတ်ကို ရုတ်တရက်စမ်းသပ်မိလေသည်။ စမ်းသပ်ရုံနှင့် စိတ်မချရသေး။ အင်္ကျီအိတ်ဝကိုပင့်၍ ကြည့်လိုက်သေးသည်။ အသစ်စက်စက်တစ်ဆယ်တန် တစ်ချပ်နှင့် တစ်ကျပ်တန်ငါးရွက်ကိုမြင်ရမှ စိတ်အေးသွားလေသည်။ သူသည် အမတော်ကြေး ခြောက်ဆယ်အနက်မှ ဆယ့်ငါးကျပ်ကို ယူလာခဲ့ခြင်း ဖြစ်လေသည်။

"ကိုဖိုးလုံး လိုတာလောက်သာဝယ်နော်။ အပိုတွေ လုပ်မလာနဲ့။ ကောက်စိုက်ခတွေ ပေးစရာမရှိဘဲနေဦးမယ်"

ဇနီးသည် မယ်ရွှေ၏သတိပေးစကားကို ကြားယောင်နေလေသည်။ ပျိုးတွေကလည်း အောင်လှသည်။ နောက်ဆယ်ရက်လောက်ကြာရင် ဆယ်ဧကစလုံး ကောက်စိုက်ပြီးတော့မည်။ တန်ဆောင်မုန်းလလောက်ဆိုရင် အသီးအနှံတွေနှင့် ပြည့်လျှမ်းနေသော လယ်ကွင်းကြီးကို တွေ့ရပေတော့မည်။ တပို့တွဲ တပေါင်းဆိုရင် လယ်အတွက် လုပ်ငန်းဆောင်တာများ ပြီးစီးပြီဖြစ်၍ စပါးလေးရာလောက်တော့ လက်ထဲမှာ ပိုက်မိတော့မည်။ လွန်ခဲ့သည့်နှစ်ကလို စပါးဈေးသုံးရာဈေး ရောင်းရလျှင် ငွေထောင့်နှစ်ရာလောက်တော့ ကျန်မည်။ သည်လိုဆိုလျှင် သားကလေး ချစ်ဦးကို ရှင်ပြုနိုင်တော့မည်။ သူသည် မုန့်ကြော်နေသူတွေ၊ ရှင်လောင်းလှည့်နေသူတွေ၊ သံဃာတော်တွေ ယပ်ကြီးထမ်း၍ စီတန်းလာကြပုံတွေကိုမြင်ယောင်နေသည်။ ဗြောသံစည်သံတွေကိုလည်း သူကြားယောင်နေသည်။

မိုးစဲသွားလေပြီ။

နေလည်း ထန်းတစ်ဖျားခန့် မြင့်တက်နေလေပြီ။

ကိုဖိုးလုံးသည် ပါလာသောဝါးရင်းတုတ်တွင် ပုလင်းနှစ်လုံးက တစ်ဖက်၊ ဖျင်ကြမ်းလွယ်အိတ်က တစ်ဖက်လျှိုကာ ဦးပဲ့ထမ်းလျက် မြို့ထဲမှပြန်ထွက်ခဲ့ပါပြီ။ ပုလင်းတစ်လုံးတွင် ငံပြာရည်ထည့်၍ အခြား

mgyoe.com

mgyoe.com

တစ်လုံးတွင် ဆီထည့်လာခဲ့လေသည်။ ဖျင်ကြမ်းလွယ်အိတ်အတွင်းတွင်ကား ရေတ်သီး၊ ပဲ၊ ဆား၊ နနွင်းအစရှိသော တိုလီမိုလီများ ပါလာလေသည်။

သူ၏ခြေထောက်အစုံသည် လာစဉ်ကကဲ့သို့ သွက်လက်ခြင်းမရှိ၊ လေးလေးကန်ကန်လှမ်းလျက် ရှိသည်။ သူ၏ဦးခေါင်းသည် ငိုက်စိုက်ကျလျက် ရှိသည်။ သူသည် တွေးလာလေသည်။

"လွတ်လပ်ရေး... လွတ်လပ်ရေး"

သူဈေးဝင်ဝယ်ခဲ့သော တရုတ်ဆိုင်အနီးရှိ လက်ဖက်ရည်ဆိုင်အတွင်းဝယ် သတင်းစာကြီးတကိုင်ကိုင်နှင့် ဂျပန်ခေတ်ရာဇဝတ်အုပ်လူထွက်တစ်ယောက် ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောနေသံကို ကြားခဲ့ရသည်။ ကိုဖိုးလုံးသည် သူ့ကိုကောင်းကောင်း မှတ်မိသည်။ သူသည် ဂျပန်ခေတ်က ကိုဖိုးလုံးကိုခိုးမှုတစ်ခုတွင် မသင်္ကာဆို၍ ဖမ်းဖူးသည်။ "နင့်နှမလင်" ဟု ကျူးရင့်၍ လက်သီးနှင့်ထိုးဖူးသည်။ "နင်သူခိုး" ဆို၍ သေနတ်ဒင်နှင့်ဆောင့်ဖူးသည်။ "နင့်အမေ" ဟု ရေရွတ်ရင်း နှာခေါင်းထဲကို ရေလောင်းဖူးသည်။ အဘယ်မှာလျှင် သူ့ကို ကိုဖိုးလုံး မေ့နိုင်ပါအံ့နည်း။

ယခု သူလက်ဖက်ရည်ဆိုင်ထဲတွင် သတင်းစာကြီးတကိုင်ကိုင်နှင့် လွတ်လပ်ရေးတရားဟောနေပြန်ပြီ။

"အခြေအနေအရ ကျုပ်တို့တိုင်းပြည်ဟာ လွတ်လပ်ရေးရရမယ်။ မရလို့ကို မဖြစ်ဘူး ရရမယ်"

ထိုစကားကို ထိုပုဂ္ဂိုလ်ကြီးထံမှ ကြားခဲ့ရလေသည်။ ကိုဖိုးလုံးနားထဲတွင်စွဲနေသော စကားများဖြစ်လေသည်။ လွတ်လပ်ရေးရမှုအတွက် ထိုပုဂ္ဂိုလ်ကြီး အတော်စိတ်အားထက်သန်နေပုံကို ကိုဖိုးလုံးတွေ့မြင်ခဲ့ရသည်။ သူစိတ်ထက်သန်မှုတွေကို မြင်တိုင်း မြင်တိုင်း (ဝါ)

mgyoe.com

mgyoe.com


တွေးမိတိုင်း တွေးမိတိုင်း ကိုဖိုးလုံး ကြက်သီးထမိသည်။ ဇာချွေးတွေ ပြန်မိသည်။ သူသည် ဂျပန်ခေတ်က သူသုံးဆောင်ဖူးသည့် လွတ်လပ်ရေး အရသာကို တစ်လမ်းလုံး စားမြုံ့ပြန်လာလေသည်။

သူမှတ်မိသေးသည်။ အင်္ဂလိပ်တွေ ထွက်ပြေးကုန်ပြီဟု သူကြား ရပြီးသောအခါ ရွာထဲတွင် သူကြီးအိုကြီးကိုဖြုတ်၍ "လွတ်လပ်သော ဗမာပြည်အစိုးရ" တည်ထောင်သောအခါတွင် သခင်တုတ်ပေါက အုပ်ချုပ်ရေးမှူး လုပ်သည်။ အဲဒီလွတ်လပ်ရေးရတုန်းက သူ့အားဆင့်ခေါ် သည်ကိုချက်ချင်း ရှေ့တော်သို့မရောက်ကောင်းလားဟု ကြိမ်ဒဏ်ငါး ချက် အရိုက်ခံရသေးသည်။ ဤသည်ပင်လျှင် ကိုဖိုးလုံးလွတ်လပ်ရေး ၏အရသာကို ပထမဆုံးအကြိမ် မြည်းလိုက်ရခြင်း ဖြစ်လေသည်။

မကြာမီပင် အုပ်ချုပ်ရေးမှူးပြုတ်ပြန်၍ သူကြီးရုံးထိုင်ပြန်လေ သည်။ ထိုစဉ်က သူကြီးအိမ်တွင် "တစ်သွေး တစ်သံ တစ်မိန့်" ဟူသော စာတမ်းကြီးများ နံရံအနှံ့အပြားကပ်ထားသည်ကို တွေ့မြင်ရသည်။ ကျေးရွာမှူးတို့ ဝန်ထမ်းမှူးတို့၏ "လွတ်လပ်ရေးကို အိမ်ပြုတ်ပြုတ် နွားပြုတ်ပြုတ် လူပြုတ်ပြုတ် တိုက်ရမည်" ဟူသော ကြွေးကြော်သံကို နားသောတပန်ဆင်ရင်း ကိုဖိုးလုံးတို့လူတစ်စု မာစတာများအဖို့ ထင်း တိုက် ရေခပ်လုပ်ပေးရသည်။ သည်လိုနှင့်မပြီးသေး။ ချွေးတပ်ကိုလည်း လိုက်ခဲ့ရသေးသည်။

လွတ်လပ်ရေးကြေညာတော့မည်ဟူသောသတင်းကို ကိုဖိုးလုံး ကြားသောအခါ အတိုင်းမသိ ဝမ်းမြောက်ခဲ့လေသည်။ "လွတ်လပ်ရေး ကြေညာသောနေ့တွင် ရွာထဲက လူကုန်လိုက်ကြရမည်" ဟူသော အမိန့် ကြောင့် ကိုဖိုးလုံးတို့လူစု အိုးစည်ဗိုင်းနှင့် လိုက်ပါဝင်နွှဲခဲ့ရသည်။ သည်တုန်းကများ သူတို့တစ်တွေ ပျော်လွန်းလို့ အိုးစည်ဗိုင်းထဲဝင်ပြီး ကွေးနေအောင်ကခဲ့ကြသည်။

mgyoe.com

mgyoe.com


"ကဲ... လွတ်လပ်ရေးရပြီ အလုပ်ကိုကြိုးစားပြီး လုပ်ကြရမယ်" လွတ်လပ်ရေးကြေညာပြီး နှစ်ရက်သုံးရက်အကြာတွင် ဂျပန်စစ်ဗိုလ်ကြီး ကိုဖိုးလုံးတို့ရွာရောက်လာ၍ ဒေါ်နှင့်မောနှင့် တရားဓမ္မညွှန်ပြသည့် အခြားမဲ့၌ ချွေးတပ်ဆွဲလေတော့သည်။ ရွာထဲတွင် ကျန်ရှိသည့် မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များလည်း လေယာဉ်ပျံကွင်းသို့ အတင်းဆင်း၍ အလုပ်လုပ်ခိုင်းလေသည်။ မီးရထားအတွက် ထင်းများလည်း တောထဲသို့ထွက်၍ တိုက်ပေးရသေးသည်။ ကောက်ရိုးအိတ်တွေကိုလည်း အိမ်တိုင်းစေ့ ရက်လုပ်ပေးကြရလေသည်။

"လွတ်လပ်ရေးကို သွေးနဲ့ရင်းနှီးရမယ်" ဟူသော ကြွေးကြော်သံကြောင့် ရွာထဲမှတက်လူများစစ်ထဲသို့ လိုက်ကြရပြန်သည်။ လက်နက်ကိုဆွဲကိုင်လျက် စစ်မြေပြင်သို့ ထွက်ခဲ့ကြရပြန်သည်။ စစ်မြေပြင် တွင် သူတို့၏သွေးအလိမ်းလိမ်းကပ်သော ကိုယ်ခန္ဓာအမြောက်အမြားကို လွတ်လပ်ရေးယဇ်ပလ္လင်တွင် ပူဇော်ခဲ့ကြရလေသည်။ သည်အထဲ ဂျပန်မာစတာတွေက ဟဲဟိုးတပ်ဆို၍လည်း ရွာအနှံ့အပြားမှ လူငယ်တွေကို ဆွဲခေါ်သွားကြပြန်သည်။

ကိုဖိုးလုံးသည် လမ်းတစ်လျှောက်လုံး လွတ်လပ်ရေးအရသာကို စားမြိန်ပြန်လာလေသည်။ ကိုဖိုးလုံးသည် လွတ်လပ်ရေးရစဉ်က ချွေးတပ်သို့လည်း လိုက်ဖူးပြီ။ ထင်းလည်းတိုက်ဖူးပြီ။ ဖျာရက်ခြင်း၊ လေယာဉ် ပျံကွင်းလုပ်ခြင်း အစရှိသော ကိစ္စအဝဝကိုလည်း လုပ်ဆောင်ခဲ့ဖူးပြီ။ သည်တွင်မကသေး တစ်ခါက နေမကောင်း၍ လေယာဉ်ပျံကွင်း မဆင်းမိသောကြောင့် ဘောင်းဘီစုတ်စုတ်နဲ့ ဂျပန်တစ်ယောက် ဒေါပွ၍ သူ့အိမ်ဝကို ရောက်လာသည်ကိုလည်း မမေ့နိုင်။ သူသည် တောင်းတောင်း ပန်ပန်ပြောပါလျက်နှင့် ပါးကို ဘယ်ပြန်ညာပြန် အရိုက်ခံရဖူးသည်။ သူကြီးက မိမိဘက်မှဝင်ပြောပြန်သဖြင့် သူ့ကိုလည်း နှစ်ချက်လောက်

mgyoe.com

mgyoe.com


လွတ်လပ်ရေးအရသာကို ကျွေးလိုက်ပြန်သည်။ သူသည် လမ်းလျှောက်လာရင်း သူ့ပါးကိုသူ စမ်းသပ်မိလေသည်။ "ဟင်း" ခနဲ သက်ပြင်းချမိသည်။

ထိုလွတ်လပ်ရေးရတုန်းက ကိုဖိုးလုံး၏ လယ်ကွင်းသည် မြက်ပင်ကြီးတွေဖုံးလွှမ်းလျက် တောအတိဖြစ်ခဲ့သည်။ ကိုဖိုးလုံးတို့ အမြတ်တနိုးနှစ်သက်သော ရွှေအဆင်းရှိသည့် စပါးတို့သည် ရွာထဲတွင် တောင်ပုံရာပုံဖြစ်လျက် တန်ဖိုးမရှိသောဘဝသို့ ရောက်ခဲ့ရသည်။ ကိုဖိုးလုံးလည်း လွတ်လပ်ရေးအတွက် အလုပ်တွေကိုသာ လုပ်နေရ၍ လယ်ကိုပြန်မကြည့်နိုင်။ မကြည့်လည်း မကြည့်ချင်။ တစ်ခါက သူလယ်ထွန်နေစဉ် ချွေးတပ်အဆွဲခံရသည်ကို သတိရမိပြန်လေသည်။

သူသည် သူဝတ်ထားသော ချည်လုံချည်နှင့် ပိတ်ချောအကျႌကို ကြည့်မိပြန်သည်။ လွတ်လပ်ရေးရတုန်းက သူ့မယားမယ်ရွှေ အိမ်ထဲက အိမ်ပြင်မထွက်ဝံ့သည်ကို ပြန်ပြောင်းစဉ်းစားမိသည်။ သူ့နှမလေးသည် အမြဲသဖြင့် ထဘီရင်လျားနှင့်နေခဲ့ရသည်ကိုလည်း မြင်ယောင်နေသည်။ လုံချည်တစ်ထည်ဝယ်ဖို့ စုဆောင်းထားသော ငွေကလေးသုံးရာ ချွေးတပ်ဆွဲခံရသဖြင့် လာဘ်ထိုးလိုက်ရပုံကိုလည်း သူမမေ့နိုင်။

သူ့ထက် ကုသိုလ်ဆိုးသူများလည်းရှိသေးသည်။ သူ့အိမ်နားက ကရင်အဘိုးကြီးတစ်ယောက်ကို အဲသည် လွတ်လပ်ရေးရတုန်းက ဂျပန်ဖမ်းသွားသည်။ ဖမ်းသည့်အကြောင်းကတော့ သူ့သား အင်္ဂလိပ်စစ်တပ်တွင် ပါသွားလို့ဟုဆိုသည်။ သူတစ်လလောက်ကြာမှ ပြန်ရောက်လာသည်။ သူပြောသံကြားရမှ "အင်း တို့ကုသိုလ်ကောင်းသေးတယ်" ဟု ညည်းညူမိသည်။ သူသည် မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ပြောကြားသည်။ သူ့သားပြန်မလာဘူးလားဟု ဂျပန်က မေးသည်။ သူ့နှာခေါင်းထဲကို ရေနွေးလောင်းသည်။ လက်သည်းခွံကို ခွာသည်။ ခြေသလုံးကို ဝါးရှင်း

mgyoe.com

mgyoe.com


တုတ်နှင့် လိုမ့်သည်။ ကြိုးနှင့်လက်ပြန်ကြိုးတုပ်၍ ထုပ်ကို ဆွဲသည်။ ကိုဖိုးလုံးသည် တွေးမိတိုင်း ကြက်သီးထမိတော့သည်။

"လွတ်လပ်ရေး"

ထိုစကားသုံးလုံး၏ ရသာထူး ရသာမြတ်ကို ကိုဖိုးလုံးကျကျနန ခံစားဖူးပါသလော။ ကိုဖိုးလုံးသည် ကျွန်ကလေးအဖြစ်ဖြင့် ဤလောကကြီးသို့ ရောက်ရှိလာခဲ့ရသည်။ သူခံစားသုံးဆောင်ဖူးသည့် လွတ်လပ်ရေးအရသာမှာ လွန်ခဲ့သောလေးနှစ်ခန့်က အတင်းအစမ္မ အမျိုးခိုင်းသည့် လွတ်လပ်ရေးအရသာပင် ဖြစ်ပါသည်။ "လွတ်လပ်ရေး" ဟူသော စကားသုံးလုံးကိုကြားရတိုင်း ကိုဖိုးလုံးသည် တွေ့ဖူးကြုံဖူးသည့် စည်းစိမ်တွေကိုသာ မြင်ယောင်နေလေသည်။

တစ်ယောက်နှင့်တစ်ယောက်နှိပ်စက်၊ ကြိမ်ဒဏ်ပေး၊ ချွေးတပ်ဆွဲ၊ ဗုံးမှန်၊ စက်သေနတ်ထိ၊ ရောဂါထူ၊ လယ်တွေတောဖြစ်၊ စပါးဈေးတွေကျ၊ အခြားကုန်တွေဈေးတက်၊ ချည်လုံချည်တစ်ထည် လေးငါးရာဖြစ်၊ နှာခေါင်းထဲ ရေနွေးလောင်း၊ လက်သည်းခွံခွာ၊ ပါးရိုက် ခဏခဏခံရ။

ကိုဖိုးလုံးသည် တွေးမိတိုင်း အသည်းယားမိတော့သည်။ ဖောချွေးတွေ ပြန်မိသည်။ ရင်တွေ တုန်သည်။

တွေးရင်းတွေးရင်း လျှောက်လာစဉ် သူ့ရွာထဲမှ လယ်သမားခေါင်းဆောင် ကိုသာဂိနှင့် ပက်ပင်းပါတွေ့လေသည်။

"ဗျို့... ကိုဖိုးလုံး ခင်ဗျား ကျုပ်တို့လယ်သမားအဖွဲ့အစည်းထဲ မဝင်သေးဘူးလား"

ကိုသာဂိကမေးလျှင် "ဝင်တာပေါ့ဗျာ..." ဟု ကိုဖိုးလုံးက ဖြေသည်။ ကိုဖိုးလုံး၏ ရင်သည် တုန်မြဲတုန်ဆဲ၊ ချွေးတွေလည်း ကျမြဲကျဆဲ။ ကိုသာဂိ သူ့ကိုလွန်သွားပြီးမှ သတိရသဖြင့် ပြန်လှည့်လိုက်သည်။

"ကိုသာဂိ..."

mgyoe.com

mgyoe.com


ကိုသာဂိ ပြန်လှည့်လာသည်။

"ကိုသာဂိ လွတ်လပ်ရေး ရတော့မယ်ဆို... ဟုတ်လား"

"ဟုတ်တာပေါ့ဗျ"

"ဘယ်တော့လဲ"

"သုံးလေးလ လိုပါတော့တယ်"

ကိုဖိုးလုံးသည် ကိုသာဂိကိုမှ နှုတ်မဆက်နိုင်တော့တဲ ချာခနဲ လှည့်၍ သုတ်ခြေတင်လေတော့သည်။

အိမ်ပေါက်သို့ရောက်လျှင် သူ့အထမ်းကိုချ၍ "ရှင်မရေ လွတ်လပ်ရေးရဦးတော့မတဲ့" ဟုဆိုကာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျဆင်းလာလေသတည်း။

□

mgyoe.com

mgyoe.com

# သံသယ

မန်းတင်ရေးသည်

ကိုဖိုးလုံး အရူးဖြစ်လေပြီ။

"ဟင်... မင်းရူးသလား၊ သူများတကာ လွတ်လပ်ရေးရမှာကြောင့် ပျော်နေတယ်။ မင်းကတော့ ငိုတယ်။ ဘာလဲ မင်းလွတ်လပ်ရေးမလိုချင်ဘူးလား... ဟင်"

ကိုဖိုးလုံး၏ညည်းညူသံကြောင့် လယ်သမားခေါင်းဆောင် သခင်တုတ်ပေါ ရောက်လာလေသည်။ သူသည် ကိုဖိုးလုံးကို စိုက်ကြည့်၍ ပြုံးတုံးပြုံတဲနှင့် အထက်ပါမေးခွန်းကို ထုတ်လိုက်လေသည်။

"မဟုတ်ပါဘူးဗျာ"

ကိုဖိုးလုံးသည် မျက်ရည်တွေကိုလုံချည်စနှင့် သုတ်နေလေ၏။

"ဘာ မဟုတ်ရမလဲကွဲ့။ မင်းပြောတာ ငါကြားသားပဲ"

"ဟုတ်ပါတယ်ဗျာ၊ ဟိုတစ်ခါ လွတ်လပ်ရေးရတုန်းကဟာတွေ တွေးတွေးပြီး ကြောက်လွန်းလို့ပါ"

ကိုဖိုးလုံးသည် လေးလေးပင်ပင်ကြီး ပြန်ပြောလေသည်။

အပေါ်အင်္ကျီမပါဘဲ ထဘီကိုခါးချပ်ဝတ်ကာ ကလေးနို့တိုက်နေသည့် ကိုဖိုးလုံး၏မယား မယ်ရွှေလည်း သူ့လင်ကိုကြည့်၍ မျက်ရည်

mgyoe.com

mgyoe.com



လည်နေလေသည်။ သခင်တုတ်ပေါကို သူတို့မြင်ရသောအခါ ဟိုစဉ်က လွတ်လပ်ရေးကို ပို၍သတိရစေပါသည်။ သခင်တုတ်ပေါသည် ဟိုစဉ်က သူကြီးအိုကြီးကိုဖြုတ်၍ အုပ်ချုပ်ရေးမှူးလုပ်ခဲ့သည်။ ထို့နောက် တို့ဗမာ ဆင်းရဲသားအစည်းအရုံးတွင် ကျေးရွာခေါင်းဆောင်လည်း ဖြစ်ခဲ့ဖူးပါသည်။ တရားဟောလည်း အလွန်ကောင်းပါသည်။ သူကြီးအိုကြီးနှင့်လည်း ခဏခဏရန်ဖြစ်သူ ဖြစ်ပါသည်။ သူအုပ်ချုပ်ရေးမှူးလုပ်စဉ်ကလည်း တရားတွေကိုစီရင်၍ ကြိမ်ဒဏ်တွေ ခပ်များများပေးခဲ့သည်။

တစ်ခါတစ်ရံ နေပူလည်း လှမ်းလိုက်ပါသေးသည်။

"မင်းတို့ အဲဒါကြောင့်ခက်တာပဲ။ ဟိုတုန်းက လွတ်လပ်ရေးက မိစ္ဆာဖက်ဆစ်ဂျပန်ကပေးတဲ့ လွတ်လပ်ရေးအတုကွ။ အခုလွတ်လပ်ရေးက တကယ့်လွတ်လပ်ရေး... ရေမရောတဲ့ လွတ်လပ်ရေးကွ"

သခင်တုတ်ပေါအာခံတွင်းမှ ထိုကဲ့သို့သော အနှစ်သာရနှင့် ပြည့်စုံသည့်လွတ်လပ်ရေးစကားကိုကြားရသောအခါ ကိုဖိုးလုံး၏မျက်ရည်တို့သည် ကင်းစင်လွင့်ပျောက်ခန်းခြောက်သွားကုန်သည်။ သို့သော် သူသည် ဟက်ဟက်ပက်ပက် ရယ်လိုက်ချင်တော့သည်။ သူပင်မဟုတ်လော လွတ်လပ်ရေးတည်မြဲအောင်ဆို၍ ချွေးတပ်လိုက်ခိုင်းတာ၊ မီးရထားထင်းခုတ်ခိုင်းတာ။

သည်အကြောင်းတွေကို ကိုဖိုးလုံး အသည်းစွဲနေပါသည်။

"ဟိုတုန်းကဟာက အတု၊ အခုရမယ့် လွတ်လပ်ရေးကမှ တကယ့်လွတ်လပ်ရေး ကိုယ့်မင်းကိုယ့်ချင်းနေရမှာ"

သခင်တုတ်ပေါက ထပ်၍ပြောရင်း မယ်ရွှေညိုပေးသည့် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာနေလေသည်။

"ကိုယ့်မင်း ကိုယ့်ချင်း ဟုတ်လား"

ကိုဖိုးလုံးက ထပ်၍မေးလိုက်ပြန်သည်။

mgyoe.com

mgyoe.com


"အင်း"

"ကျုပ်ကတော့ ကိုယ့်မင်းကိုယ့်ချင်း မကြိုက်ပေါင်ဗျာ"

ပါးစပ်ဆီသို့ ရှေးရှုလာနေသည့် ဆေးလိပ်ကိုကိုင်ထားသော သခင်တုတ်ပေါ၏လက်သည် လိုရာခရီးသို့မရောက်ဘဲ ပါးစပ်နှင့်တစ်ထွာလောက်အကွာ လမ်းခုလတ်တွင်ရပ်ကာ ပါးစပ်ကြီးဟောင်းလောင်းနှင့် မျက်လုံးကြီးများပါ ပြူးသွားလေသည်။

"ဟင်း... မင်းတယ်ခွကျတဲ့လူပဲ။ ကိုယ့်မင်းကိုယ့်ချင်းနဲ့ မနေချင်ဘူးလား။ အမြဲတမ်း ကျွန်လုပ်နေချင်သလား"

ကိုဖိုးလုံးသည် သူကြားဖူးသည့် ကိုယ့်မင်းကိုယ့်ချင်းအကြောင်းတွေကို စဉ်းစားမိလေ၏။

"မဟုတ်ပါဘူးဗျာ။ ကျုပ်အဘိုးပြောဖူးတဲ့ ကိုယ့်မင်းကိုယ့်ချင်းကကြောက်စရာကောင်းလွန်းလို့ပါ"

ကိုဖိုးလုံးက လေအေးကလေးနှင့် ဖြေလေသည်။

"ဘယ်လိုလဲ"

သခင်တုတ်ပေါက မကျေမချမ်း ပြန်မေးလေသည်။

"ဟာ... ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ဘုရင်တွေနဲ့တုန်းက သိပ်ကြောက်စရာကောင်းဆိုပဲ။ ရှင်ဘုရင်မပြောနဲ့ မြို့ဝန်တို့ ဘာတို့ကတောင်လူတွေကို အရမ်းကာရော သတ်သတ်ပစ်တာတဲ့။ ဟိုမန္တလေးက မြို့ဝန်တစ်ယောက်ဟာ အတော်လူသတ်သတဲ့။ ပြီးတော့ စာရေးဆရာကြီးဘာတဲ့ဗျာ။ တပည့်ရင်းက ဖိုးသူတော် ဦးပုညကိုလည်း မြို့ဝန်တစယောက်က လည်မျိုကိုညှစ်သတ်ပြီး ရေထဲချပစ်သတဲ့ဗျ။ ပြီးတော့ မင်းတွေစိုးတွေကလည်း သိပ်မိန်းမတွေယူ၊ သူတို့ကြိုက်ရင် သဘောတူတူ မတူတူသိမ်းပိုက်တာပဲ။ ပြီးတော့ ဟိုမင်းကြီးတစ်ပါး လက်ထက်တုန်းကလည်းမိဖုရားတစ်ယောက်ကို လင်ငယ်နေတယ်ဆိုပြီး ဆင်နဲ့နင်းသတဲ့ဗျာ။

mgyoe.com

mgyoe.com


ကြောက်စရာဗျာ။ ပြောရင်းဆိုရင်းတောင် ကျောစိမ့်ပါရဲ့။ တစ်ခါတုန်းကလည်း ဝန်ကြီးတစ်ပါးက ရှင်ဘုရင်မကြိုက်တာ ပြောမိလို့ ဘဂ်လားပို့တယ်ဆိုပါကလား။ ဟိုကတေးချင်းရေးပို့လုံက်မှ စိတ်ပြေပြီး ပြန်ခေါ်သတဲ့။ သူ့ဟာက ဒီလိုဆိုတော့လည်း လွယ်သားနော်။ အမတ်ကြီးတစ်ယောက်လည်း ရှင်ဘုရင်က အသတ်ခိုင်းလို့ သတ်ပြီးမှ မသေခင်က ရေးခဲ့တဲ့တေးချင်းလေးကို ဖတ်ပြီး ရှင်ဘုရင်က လွတ်စေလို့ အမိန့်ချပြန်သတဲ့။ အဲဒီတော့ ဟိုက သတ်ပြီးပြီ။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ အေးဗျာ ဒါတွေကြားထားရတော့ ကျုပ်တော့ဘာပြောပြော ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေရမှာလည်း ကြောက်သဗျာ"

သခင်တုတ်ပေါသည် ဆေးလိပ်ကြီးကို သုံးလေးခါမျှ ရှိုက်၍ ရှိုက်၍ ဖွာလိုက်ရာ မီးရဲခနဲ ရဲခနဲဖြစ်သွားမှ ပြန်ချထားလိုက်လေသည်။

"ဒီလိုဆိုတော့ မင်းက မင်းပထွေးကို သဘောကျတယ်ပေါ့လေ"

"ဘာဗျ... ကျုပ်မှာ ပထွေး မရှိဘူး။ အဖေရင်းပါ"

"ဟ...ဒါပြောတာ မဟုတ်ဘူး။ မင်းပထွေး အင်္ဂလိပ်ကိုပြောတာ"

"အင်္ဂလိပ်လား။ အင်္ဂလိပ်ကို ကျုပ်ဘယ်တော့မှ မကျေဘူး"

ကိုဖိုးလုံးသည် မျက်မှောင်ကြီးကုတ်၍ပြောရင်း တင်ပျဉ်ခွေကို ပြင်ကာ ဒူးတစ်ဖက်ကိုထောင်၍ ထိုင်လိုက်လေသည်။ သူသည် လုံချည်ကို တိုတိုဝတ်ထားသောကြောင့် သည်လိုဒူးတစ်ဖက်လှဲ၍ ဒူးတစ်ဖက်ကို ထောင်လိုက်သောအခါ သူ့ဒူးမည်းကြီးနှစ်လုံးသည်ပေါ်နေလေသည်။ လုံချည်ခါးပုံစကိုလုံး၍ သိပ်ထားလိုက်လေသည်။

သခင်တုတ်ပေါသည် ဆေးပေါလိပ်ကြီးကိုသာ ဖွာနေလေသည်။

ကိုဖိုးလုံးသည် တံတွေးမျိုချရင်း လည်ချောင်းရှင်းကာ စကားဆက်ပြန်လေသည်။

"သူတို့ဟာ ကျုပ်တို့ကို ဘယ်ကလောက်နှိပ်စက်ခဲ့သလဲဆိုတာ

mgyoe.com

mgyoe.com


ကျုပ်သိတယ်။ ကျုပ် ရှစ်နှစ်သားလောက်တုန်းက အင်္ဂလိပ်အစိုးရရဲ့ ကုလားစစ်တပ်တွေ ဒီရွာထဲကိုဝင်လာပြီး လူခွန်တော်မပေးတဲ့လူတွေကို ရိုက်တာနှက်တာတွေ ကျုပ်အသေအချာမှတ်မိတယ်။ ကျုပ်အဖေလည်း အဲဒီတုန်းက အတော်ခံလိုက်ရတယ်။ ကုလားစစ်သားတစ်ယောက် အိမ်ပေါ်တက်လာပြီး ကျုပ်အဖေရဲ့သျှောင်ပေစူးကလေးကိုဆွဲပြီး ဖိနပ်ကြီးနဲ့ရင်ဝကို ကန်လိုက်တာ တစ်ခါတည်း လဲကျသွားတယ်။ ကျုပ်ဘယ်တော့မှ မမေ့ဘူး"

ကိုဖိုးလုံးသည် မျက်ရည်စို့လာလေသည်။ မျက်ရည်တွေဝိုင်းနေသည့် သူ့မျက်လုံးထဲတွင် သူငယ်ငယ်က အဖြစ်အပျက်တွေကိုမြင်ယောင်လာလေသည်။ သူ့ဖအေကြီးအကန်ခံရ၍ လဲကျသွားသောအခါ အခန်းထဲတွင် ကြောက်ကြောက်ရွံ့ရွံ့နှင့် ပုန်းနေသောသူ့အမေကြီးသည် ထွက်လာကာ တုန်တုန်ရီရီနှင့် ကုလားစစ်သားကို ရှိခိုးတောင်းပန်နေပုံကို သူဘယ်သောအခါမှ မေ့ပျောက်လို့မရပါ။

သူ့မယားမယ်ရွှေသည် ကလေးသိပ်ရန် အတွင်းဘက်သို့ဝင်သွားလေသည်။ ထို့နောက် အဝတ်ပုခက်တစ်ခုထဲတွင် ကလေးကိုထည့်သိပ်ကာ စုတ်သပ်၍ လွှဲနေလေသည်။ ခဏကြာသောအခါ မီးဖိုဘက်သို့ ထွက်သွားလေသည်။ လွှဲထားသော ပုခက်အားကြောင့် တဲအိမ်ကလေး၏ဝါးထုပ်များသည် တကျွိကျွိ မှန်မှန်မြည်နေလေသည်။ တစ်ခါတစ်ခါ လေသင့်သဖြင့် ရွာထဲမှမိန်းမနှစ်ယောက် ရန်ဖြစ်နေသံကို ကြားရသည်။

ကိုဖိုးလုံးသည် အိုက်အိုက်ရှိသည်နှင့် သူ့အင်္ကျီကို ချွတ်လိုက်လေသည်။ အင်္ကျီအိတ်ထဲမှ ငွေစလေးများဖိတ်၍ ကြမ်းပေါက်ကြားကျ မသွားအောင် ခပ်ဖြည်းဖြည်းချွတ်၍ သူ့ပေါင်ပေါ်တွင် တင်ထားလိုက်လေသည်။

သခင်တုတ်ပေါသည် သူ့ပါးစပ်မှ ဆေးပေါ့လိပ်ကြီးကိုဖြုတ်၍ စကားစပြန်လေသည်။

mgyoe.com

mgyoe.com


"အေး... အဲဒါတွေ မခံနိုင်ကြလို့ တို့တစ်တွေ သူပုန်ထခဲ့တယ် မဟုတ်လား"

မှန်ပေသည်။ လွန်ခဲ့သော ဆယ့်ခြောက်နှစ်လောက်တုန်းက သူပုန်ထခဲ့သည်ကို ကိုဖိုးလုံး သတိရပါသည်။ သည်လို သူပုန်ထ၍ နှိပ်စက်သည့်အင်္ဂလိပ်တွေ ဘယ်နှယောက်သေသည်ကိုတော့ သူမသိ။ ဗမာတွေ အများကြီးသေသည်ကိုတော့ သူကောင်းကောင်းကြီး သိပါသည်။ လသာသော ညတစ်ညတွင် ရွာထိပ်ကဘုန်းကြီးကျောင်းတွင် သူတို့ရွာထဲက လူတွေကို ဘုန်းတော်ကြီး ဦးကေသရက ဆေးထိုးပေးသည်ကိုလည်း သူသတိရပါသည်။

"ကိုယ်တော်ဘုရား တပည့်တော်လည်း ဆေးထိုးပေးပါ" ဟု သူက လျှောက်ထားတော့

"ဟဲ့ကောင်လေး... နင်ငယ်သေးတယ်" လို့ ဘုန်းတော်ကြီးက ငေါက်လိုက်သည်ကိုလည်း သူမမေ့ပါ။ ထိုစဉ်က သူသည် ၁၆ နှစ်သားခန့်သာ ရှိပါသေးသည်။ နောက်ဆယ်ရက်လောက်ကြာသောအခါ အဲသည်တုန်းက ဆေးထိုးတဲ့လူတွေ တိုက်ပွဲမယ်ကျကုန်ပြီလို့ သူကြားရတော့ ငိုမိပါသေးသည်။ သူ့အမျိုးတွေလည်း ပါကုန်ပါသည်။

ကိုဖိုးလုံးသည် လွန်ခဲ့သော ဆယ့်ခြောက်နှစ်လောက်က အဖြစ်အပျက်တွေကို စဉ်းစားမိလေသည်။

"အဲဒီတုန်းက ကျုပ်တို့ရွာကလူတွေ အများကြီးသေရတယ် မဟုတ်လား"

ကိုဖိုးလုံးက မေးလိုက်သောအခါ သခင်တုတ်ပေါက ဆေးပေါ့လိပ်အဖွာရပ်၍ ပြန်ပြောသည်။

"အေး... ငါတောင် ကံကောင်းလို့လွတ်တာ"

မယ်ရွှေသည် လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်နှစ်လုံး အနီး

mgyoe.com

mgyoe.com


တွင်ချလာသည်။ သူသည် သတင်းစာစက္ကူဟောင်းကို လက်ဖက်ရည်အိုးအောက်မှ ခံထားလေသည်။ သည်လိုသာ စက္ကူမခံလျှင်လည်း ကြမ်းပြင်တစ်ခုလုံး မည်းကုန်ပေတော့မည်။ လက်ဖက်ရည်ပန်းကန်နှစ်လုံးကလည်း တစ်လုံးကပဲ့၍ အခြားတစ်လုံးက အက်နေလေသည်။ နှစ်လုံးစလုံးပင် လက်ဖက်ရည်ဆီတွေတက်နေ၍ နီနေလေသည်။

ကိုဖိုးလုံးသည် ကြိမ်ကွပ်ထားသည့်လက်ဖက်ရည်ကိုင်းကိုကိုင်၍ ပန်းကန်နှစ်လုံးစလုံးထဲသို့ ရေနွေးကြမ်းငှဲ့ထည့်လေသည်။ မီးဖိုပေါ်မှချလာစဖြစ်၍ စိမ်းဖန့်ဖန့်အရည်များသည် တငွေ့ငွေ့ တထောင်းထောင်းထနေလေသည်။

သခင်တုတ်ပေါသည် ဆေးလိပ်ကို ချလိုက်လေသည်။ ကိုဖိုးလုံးအနားတိုးပေးသည့် လက်ဖက်ရည်ပန်းကန်ကို ကောက်မည်လုပ်ပြီးမှ အလွန်ပူလိမ့်မည်အထင်နှင့် လက်ရုပ်ကာ စကားဆက်ပြန်လေသည်။

"အဲဒါလည်း တို့တစ်တွေ လွတ်လပ်ရေးအတွက်ဆိုပြီး အင်္ဂလိပ်ကိုခံချတာပဲ။ လွတ်လပ်ရေးအတွက် အသက်ကိုစွန့်ကြတာပဲ။ ဟောတစ်ခါ လေးဆယ့်နှစ်ခုနှစ်ကျတော့ လွတ်လပ်ရေးအတွက် တို့တစ်တွေပဲမဟုတ်လား။ အင်္ဂလိပ်ကိုထဆော်ပြန်တာ။ အဲဒီတော့ အင်္ဂလိပ်ပြေးရတယ် မဟုတ်လား"

သခင်တုတ်ပေါသည် အားရပါးရ ပြောသည်။ ဟုတ်ပါပေသည်။ တစ်ခါတုန်းက အင်္ဂလိပ်ထွက်ပြေးရတာ ကိုဖိုးလုံး အသေအချာ သိပါသည်။

"သိပ်သွေးစုပ်တဲ့ မိစ္ဆာတွေ တစ်ခါတည်း ဖင်လှန်ပြေးရတာပဲ"

သခင်တုတ်ပေါကထပ်၍ ပြောလိုက်ပြန်သည်။

နောက်ဖြစ်စဉ်တွေကို ကိုဖိုးလုံး အကုန်မှတ်မိပါသည်။

အင်္ဂလိပ်တွေပြေးရင် လွတ်လပ်ရေးရမယ်။ လွတ်လပ်ရေးရရင်ဖိနပ်နဲ့ကန်တာတွေ၊ ရိုက်တာတွေ၊ နှက်တာတွေ အတင်းအဓမ္မ အခွန်

mgyoe.com

mgyoe.com


တောင်းတာတွေ မရှိတော့ဟုဆိုကြသည်။ ထို့ကြောင့် ကိုဖိုးလုံးတို့လို လယ်သမားတွေ၊ လယ်သမားသားသမီးတွေ၊ ကျောင်းသားတွေ၊ လူငယ်တွေ နှိပ်စက်တဲ့အင်္ဂလိပ်ကို အသေခံကာ မောင်းထုတ်ခဲ့ကြသည်။

အင်္ဂလိပ်တော့ ပြေးလေပြီ။ သူတို့မျှော်လင့်သလို ဖြစ်လာပါသလော။

မိစ္ဆာအင်္ဂလိပ်ပြေးသောအခါ မဟာမိတ်ဂျပန် ဝင်လာပါသည်။

သည်မဟာမိတ်က အတော်ကြောက်စရာကောင်းသည့် မဟာမိတ်ပါတကား။

ပါးကိုလည်း ရိုက်သည်။ ချွေးတပ်လည်း ဆွဲသည်။ ရေနွေးနှင့်လည်း လောင်းသည်။ လက်သည်းခွံကိုလည်း ခွာသည်။ မုဒိမ်းလည်း ကျင့်သည်။

မဟာမိတ်ကသာ အကျင့်ဆိုးသည် မဟုတ်။ ကိုဖိုးလုံးတို့ အချင်းချင်းလည်း ဆိုးကြလေသည်။ ရာထူးလုကြသည်။ ကုန်းချောကြသည်။ ကြိမ်ဒဏ်ပေးကြသည်။ သတ်ကြဖြတ်ကြသည်။

"အဲဒီတုန်းက ခင်ဗျားတောင် အုပ်ချုပ်ရေးမှူးလုပ်ပြီး သူကြီးအိုကြီးကိုဖြုတ်ချသေးတာပဲ"

ကိုဖိုးလုံးက ရုတ်တရက် သခင်တုတ်ပေါကိုပြောလိုက်ရာ သခင်တုတ်ပေါ ပါးစပ်ပြဲသွားလေသည်။

"ဟေ... အင်း အများကခိုင်းတော့ လုပ်ရတာပေါ့ကွာ"

သခင်တုတ်ပေါ လေအေးအေးနှင့်ဖြေပြီးလျှင် လက်ဖက်ရည်ကြမ်းတစ်ငုံကို မော့လိုက်သည်။

"နောက်သူကြီးအိုကြီး သူကြီးပြန်ဖြစ်တော့ ခင်ဗျားက ကျေးရွာခေါင်းဆောင်"

"အေး... အများကခိုင်းတော့ လုပ်ရတာပေါ့ကွာ" လက်ဖက်ရည်ကြမ်းကို မော့လိုက်ပြန်သည်။

mgyoe.com

mgyoe.com


"ပြီးတော့ ရွာထဲက ကိုထွန်းကျော်ကို ကြေးနန်းကြိုးတွေ ဖြုတ်ယူတယ်ဆိုပြီး ဂျပန်ဖမ်းတယ်။ တစ်လလောက် အချုပ်ခံရပြီး ပြန်လာလို့ မကြာခင်ပဲ သေသွားတယ်။ အဲဒါ ခင်ဗျားသွားတွန်းတာလို့ တချို့ကပြောတယ်"

"အဲဒါ... အထင်လွဲတာပါကွာ" လက်ဖက်ရည်ကြမ်းကို တစ်ကျိုက်ကျိုက်လိုက်ပြန်လေသည်။

သူသည် ပန်းကန်ထဲတွင် လက်ဖက်ရည်ကုန်သွားသဖြင့် ထပ်၍ထည့်နေလေသည်။

"အေးဗျာ အဲဒီလွတ်လပ်ရေးရတုန်းကဟာတွေ တွေးမိတော့ အခုတစ်ခါ လွတ်လပ်ရေးယူဦးမယ်ဆိုတော့ ကျုပ်တော့ အသည်းတုန်လွန်းလို့။ ဒါကြောင့် ကျုပ်တော့ ဘာမှမလိုချင်ဘူး။ အေးအေးချမ်းချမ်းနေရရင် တော်ပြီ"

ကိုဖိုးလုံးသည် ပြောရင်းဆိုရင်း ထောင်ထားသောဒူးကို လှဲ၍လှဲထား သောဒူးကို ထောင်ထားလိုက်လေသည်။

"အေး ဒီကောင်တွေ ဒီလိုမိုက်လာလို့ တို့တစ်တွေ ပြန်နှံ့တာ မဟုတ်လား"

သခင်တုတ်ပေါက လက်ဖက်ရည်ပန်းကန်ကို အနားဆွဲရင်း ပြောလေသည်။

မှန်ပေသည်။ သည်အကြောင်းကို ကိုဖိုးလုံး သိသည်။

မဟာမိတ်ဂျပန်သည် ဖက်ဆစ်ဂျပန်ဖြစ်၍ မိတ္တာအင်္ဂလိပ်သည် မဟာမိဘ်အင်္ဂလိပ်ဖြစ်လာပုံကိုလည်း သူရိပ်မိလိုက်ပါသည်။

"အေးဗျာ... ကျုပ်ကတော့ ဘယ်သင်းမှမကြိုက်တတ်ပါဘူး။ ကျုပ်တို့တစ်တွေတော့ ခံဘက်ကချည်းပါပဲ။ ဒီတော့ ကျုပ်တို့တော့ လွတ်လွတ်လပ်လပ် ကိုယ့်လယ်လေးကိုယ်လုပ်ပြီး အေးအေးနေရရင် တော်ပါပြီ"

mgyoe.com

"ဟာ... ဒီလိုမဟုတ်သေးဘူးကွ၊ သူတစ်ပါး ခြေဖဝါးအောက် မယ် ကျွန်ဖြစ်ရတယ်ဆိုတာ ဘယ်ကောင်းမလဲကွ။ ဒါကြောင့် တို့ လွတ်လပ်ရေးရအောင် ဟိုတုန်းက တိုက်ခဲ့ပေမယ့် လွတ်လပ်ရေးအတု ကိုသာ ရတယ်။ အခုရမယ့် လွတ်လပ်ရေးက တကယ့်အစစ် လွတ်လပ် ရေးကွ၊ အခုရမှာလည်း အဲဒီလို ထပ်တလဲလဲ ထ,ထ,ဆော်နေလို့ရတာပဲ၊ အလကားရတာ မဟုတ်ဘူးကွ..."

သခင်တုတ်ပေါပြော၍... ဂျပန်ပေးသည့် လွတ်လပ်ရေးသည် အတုဖြစ်ကြောင်း ကိုဖိုးလုံး သိလာပါပြီ။ ယခုရမည့် လွတ်လပ်ရေးသည် အစစ်ဖြစ်သည်ဟုဆိုသည်။ သူသည် လွတ်လပ်ရေးအစစ်၏အရသာ ကို တစ်ခါဖူးမျှ မခံစားဖူးပါ၊ အလွန်အမင်း အရသာထူးကဲသည်ဟု ပြောကြပါသည်။ သည်အရသာကို သူမြည်းလိုလှပါသည်။ သွားရည် တမြားမြားကျနေပါသည်။

"ကိုလေးတုတ်ပေါရဲ့... အခုရမယ့်လွတ်လပ်ရေးအစစ်က ဘယ့်နဲ့ နေသလဲ..."

ကိုဖိုးလုံးသည် သခင်တုတ်ပေါအနီးသို့ မသိမသာ တိုးသွား၍ ခပ်တိုးတိုး မေးလိုက်လေသည်။

"ဟာ... လွတ်လပ်ရေးအစစ်ဆိုတာလား၊ အင်း... အင်း... လွတ်လပ်ရေးအစစ်ဆိုတာ... အချုပ်အခြာ... အာဏာပိုင်ပြီး ကိုယ့်ဘာသာ ကိုယ် လွတ်လွတ်လပ်လပ်လုပ်နိုင်တာပေါ့..."

"အမယ်လေးဗျာ..."

ကိုဖိုးလုံးသည် နောက်သို့ပက်လက်လန်လဲမသွားရန် အတော်ကြီး ဟန့်ထားလိုက်ရလေသည်။

"အဲဒါ ကြောက်လွန်းလို့ပါဗျာ" ဟု တုန်တုန်ရီရီနှင့် ပြောလေ သည်။

mgyoe.com

mgyoe.com


သခင်တုတ်ပေါလည်း သတိများမေ့သွားသလားဟု မျက်လုံးပြူး သွားလေသည်။

"အမယ်လေးဗျာ လွတ်လွတ်လပ်လပ်ထင်တာတွေ လျှောက်လုပ် ကုန်ရင် ကျုပ်တို့ကျောမွဲတွေတော့ သေရရုံသာရှိတော့တာပဲဗျို့၊ လွတ် လပ်ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီဆိုပြီး လွန်ခဲ့တဲ့ လေးငါးနှစ် လောက်တုန်းက ထင်တာတွေ လျှောက်နှိပ်လိုက်တာ အမယ်လေးလေး ကြောက်စရာကြီးဗျာ... ကျုပ်မတွေးရဲဘူး..."

"ဟ... ဟ... အခုဟာက ဒီလိုမဟုတ်ဘူးဟ–မောင်ဖိုးလုံးရ၊ စည်းကမ်းတကျ ကိုယ့်သမ္မတနဲ့ ကိုယ်အုပ်ချုပ်ရမှာ၊ သမ္မတကလည်း မင်းခုနက ပြောတဲ့ဘုရင်တွေလို ဘယ်အရမ်းကြဲလို့ဖြစ်မလဲ... ဥပဒေ စည်းမျဉ်းရှိရမှာပေါ့၊ အရာရှိတွေလည်း တကယ့်လွတ်လပ်ရေးရတော့ ရမ်းရမ်းကားကားဘယ်ရှိတော့မလဲ၊ ပြီးတော့ စပါးဈေး၊ ဆန်ဈေးတွေ လည်း သိပ်ကောင်းလာမယ်၊ အစိုးရကလည်း ကိုယ့်အစိုးရဆိုတော့ လူများစုဖြစ်တဲ့ တို့လယ်သမားတွေကို အစစအရာရာစောင့်ရှောက်မှာ ပေါ့၊ အစုံပေါ့ကွာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအကုန်လုံးကို တိုးတက်အောင်လုပ်ပေးမှာပေါ့။ နောက်ဆယ်နှစ်လောက်ဆိုရင်... ဟောဒီတဲစုတ်တွေနဲ့ ပြည့်နေတဲ့ တို့ကျေးရွာဟာ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ်တွေနဲ့ ပြည့်နေတော့မှာကွ..."

သခင်တုတ်ပေါက တတ်သရွေ့ မှတ်သရွေ့ ပြောပြလေသည်။

ကိုဖိုးလုံးသည်... နေရာကိုပြင်ထိုင်လိုက်ပြန်သည်။ သူပြောတဲ့ အတိုင်းသာဖြစ်လာရင် သိပ်ပျော်စရာကောင်းမှာပဲဟု အောက်မေ့လေ သည်။ ဖြစ်ပါစေဟုလည်း စိတ်ထဲမှဆုတောင်းနေလေသည်။

"ဒီလိုဆိုရင် သိပ်ကောင်းမှာပဲဗျာ..."

ကိုဖိုးလုံးက အားရပါးရကြီးပြောလေသည်။

mgyoe.com

"ဖြစ်ရမယ်ကွဲ... ဖြစ်ရမယ်..."

သခင်တုတ်ပေါသည်... ပြောပြောဆိုဆိုနေရာမှထ၍ သူ့အိမ်ဘက်သို့ပြန်ရန် ဟန်ပြင်လေသည်။

ကိုဖိုးလုံးသည် တွေးနေလေသည်။ ဂျပန်ခေတ်က လွတ်လပ်ရေးအမာရွတ်ကို မြင်ယောင်နေပြန်သည်။ တို့တစ်တွေ ဘယ်သူက ဂရုစိုက်မတဲ့တုံး၊ တစ်ခါတစ်ခါ မြို့ကလာတရားဟောတဲ့ လူတွေဟာလည်း စင်စစ်တော့ တို့ကို သူတို့ဘာအရေးစိုက်စရာရှိလို့တုံး၊ တို့ကိုသူတို့သနားပါတယ်၊ ကြင်နာပါတယ်ဆိုတာတွေက တကယ်ဖြစ်နိုင်ပါ့မလား၊ ဖြစ်နိုင်၏လော၊ မဖြစ်လော၊ ဟုတ်ပါ၏လော၊ မဟုတ်လောဟု အမျိုးမျိုးတွေးတောနေလေသည်။ သူ့အဖို့ တွေးလေတွေးလေ ရှုပ်လေလေ။

သူသည် သခင်တုတ်ပေါပြန်သွားသည်ကိုမှမသိလိုက်။

"သခင်တုတ်ပေါပြောသလိုဖြစ်ရင်တော့ သိပ်ကောင်းမှာပဲ"

သူသည် တိုးတိုးလေးရေရွတ်ရင်း လက်ဖက်ရည် အကျန်များကို ပန်းကန်ထဲမှ ကြမ်းပေါက်ထဲသို့သွန်ချလိုက်သည်။ အကျီကို ပခုံးတွင်တင်ကာ လက်တစ်ဖက်မှ လက်ဖက်ရည်အိုး၊ အခြားတစ်ဖက်မှ ပန်းကန်နှစ်လုံးထပ်ကိုကိုင်၍ သူ့တဲအိမ်ထဲသို့ ဝင်သွားရင်း တစ်စုံတစ်ခုကို မပွင့်တပွင့်ရေရွတ်လိုက်သော်လည်း ကျိုးတိုးကျဲတဲ ကြမ်းတွေက ဆူဆူညံညံ အသံပြုကြသဖြင့်... အခန်းတွင်းမှ သူ့မယားမယ်ရွှေပင် သူ့အသံကို မကြားလိုက်ရ။

"အင်း... စောင့်ကြည့်ရဦးမပေါ့..." တဲ့။

❒

mgyoe.com

mgyoe.com

# ရွာမယ့်ရွှေမိုး

မန်းတင်ရေးသည်

၁

တပေါင်းကြူး၍ တန်ခူးသို့ကူးခဲ့ပြီ။

နွေတမန်တော်ဖြစ်သော ညဉ့်ငှက်သည် သူ့အိမ်နောက်ဖေး လက်ပံပင်ကြီးပေါ်မှ သာယာလေးတွဲ့ တွန်ကြူးလိုက်လေသည်။ လက်ပံပင်ကြီးပင်လျှင် ရဲရဲတောက်နီမြန်းသော အပွင့်များကို ခြွေပြီးဖြစ်၍ စိမ်းညိုသော အသီးများနှင့် ပြည့်လေပြီ၊ အပွင့်တွေ နီမြန်းနေစဉ်က အအုပ်လိုက် အစုလိုက်လာရောက်ကာ ဆူဆူညံညံပြုလုပ်ခဲ့ကြသော ဆက်ရက်ငှက်အပေါင်းတို့ကိုလည်း ယခုအခါတွင် မတွေ့ရတော့ပြီ။

ကိုဖိုးလုံးသည် နံနက်စောစော လက်ပံပင်ကြီး အောက်မှနေ၍ လယ်ကွင်းကြီးကို ငေးမျှော်ကြည့်နေလေသည်။ ခါနွေဆန်းပြီဖြစ်သော်လည်း နှင်းကြွင်းနှင်းကျန်တွေနှင့် မှုန်နေလေသည်။ ကိုဖိုးလုံးသည် နွေခါတွင်နှင်းကျသည်ကိုမနှစ်သက်၊ ရာသီဥတုဖောက်ပြန်နေသည်ဟု ယူဆလေသည်။ သူသည် ဤမှုန်မွှားမွှား နှင်းကြားထဲမှ ရှုမဆုံးသည့် လယ်ကွင်းကြီးကို တွေ့ရလေသည်။

mgyoe.com

mgyoe.com


လယ်ကွင်းကြီးသည် မိုးတွင်းအခါက မြသားရောင်လို စိမ်းစိုနေရာမှ ယခုအခါတွင် ဝါကြန့်ကြန့်ရွှေရောင်လို ရိုးပြတ်တိုတွေနှင့်သာ ပြည့်လျှမ်းနေလေသည်။ အချို့သော လယ်ကွင်းရှိရာ ရိုးပြတ်ငုတ်များကိုကား မီးရှို့ထားပြီဖြစ်၍ အမည်းကွက်ကြီးများဖြစ်နေသည်ကို တွေ့ရလေသည်။

လယ်... လယ်... လယ်... ကိုဖိုးလုံးအဖို့ လယ်သည် အရေးအကြီးဆုံး ဖြစ်သည်၊ သူ့မိဘများသည် လယ်သမားများ ဖြစ်ကြသည်။ သည်လယ်ကိုသာ ကိုဖိုးလုံး၏ဘိုးစဉ်ဆောင်ဆက် အမှီပြုလာကြသည်။ သူ့ကိုရှင်ပြုနိုင်သည်မှာလည်း သည်လယ်ကြောင့် ဖြစ်သည်။ ယခု သူတို့အသက်ရှင်နေစေသည်မှာလည်း သည်လယ်ကြောင့်ပင် ဖြစ်သည်။ သူတို့အိမ်ထောင်ပြုစဉ်က လှည်းတစ်စီးနှင့် နွားတစ်ရှဉ်း သူ့မိဘများ လက်ဖွဲ့နိုင်ခဲ့သည်မှာလည်း သည်လယ်ကြောင့် ဖြစ်သည်။ ထိုနွားကြီးတစ်ရှဉ်းကို လွန်ခဲ့သော ငါးနှစ်လောက်က ဂျပန်လက်သို့အပ်လိုက်ရသည်ကို မချိတင်ကဲ တွေးတောရင်း သူသည် ပြန်ပြောင်းဝမ်းနည်းနေမိတော့သည်။

သူသည် နွားတင်းကုတ်ထဲသို့ဝင်ခဲ့လေရာ... နွားတစ်ရှဉ်းသည် သူ့ကိုကြည့်နေကြလေသည်။ ချိုထောင်သည် မြေကြီးကိုဝပ်လျက် ပါးစပ်က တလှုပ်လှုပ်နှင့် စားမြုံ့ပြန်နေလေသည်။ သူ့ကို ကိုဖိုးလုံး လွန်ခဲ့သော ၂ နှစ်လောက်က... ဝယ်ခဲ့ခြင်း ဖြစ်သည်။ ယမန်နှစ် မိုးတွင်းမှာ နွားတစ်ကောင်ပဲရှိ၍ တစ်ကောင်ကို ငှားခဲ့ရသေးသည်။ စဥသည် မြက်စင်နားတွင်ရပ်ကာ စင်းပြီးသား ကောက်ရိုးတွေကို နှုတ်သီးနှင့် ထိုးဆွနေလေသည်။

သူ့ကို... ယခုနှစ် စပါးများကိုရောင်းပြီးမှ ဝယ်ခြင်း ဖြစ်သည်။ သည်နှစ်တော့ နွားငှားဖို့ မလိုတော့ပြီ၊ ကိုယ့်နွားနှင့် ကိုယ်လုပ်ရလျှင် ရှေ့နှစ်တွင် စပါးတွေပို၍ရမည်ကိုသိသဖြင့် ကျေနပ်နေလေသည်။ ချိုထောင်နှင့်စဥကို ကျောသပ် ရင်သပ်ပြုလုပ်ပြီးလျှင် ကြိုးဖြေ၍ လွှတ်လိုက်

mgyoe.com

mgyoe.com


လေသည်။ သူတို့သည် ရှေ့ဆင့်နောက်ဆင့်ပင် တင်းကုတ်ထဲမှ သွက်သွက်ကြီး ထွက်သွားကြသည်ကို ကိုဖိုးလုံး မျက်စိတစ်ဆုံး ကြည့်နေလေသည်။

"ကိုဖိုးလုံး... ကျွန်မတို့လယ်ခလည်း မပေးရသေးဘူးနော်..."

ကိုဖိုးလုံးအိမ်ထဲသို့ ဝင်လာရာ ဆန်ကောထဲရှိ ဆန်ထဲမှစပါးလုံးကို ရွေးနေသော မယ်ရွှေက လှမ်း၍ပြောလိုက်လေသည်။

ကိုဖိုးလုံးသည် ဘာမှပြန်မပြော။ သူလည်း သည်အကြောင်းကို အစဉ်သတိရနေသည်။ စာရင်းလည်း ရှင်းချင်လှပါပြီ။ အရင်တုန်းက ဆိုရင် စပါးရသည်ဖြစ်စေ မရသည်ဖြစ်စေ တလင်းမှ ကောင်းကောင်း မကျသေးမီ လယ်ခကိုပေးရစမြဲပင် ဖြစ်သည်။ အိမ်တိုင်ရာရောက် တိုက်၍လိုက်ပို့လိုက်ရသေးသည်။ နည်းနည်းများနောက်ကျနေလျှင် လယ်ရှင်၏မျက်နှာမှာ ခပ်စူစူဖြစ်နေတတ်သေးသည်။ တစ်ခါတစ်ရံ နံနက်စောစော တလင်းသို့ရောက်လာကာ ခြင်တွယ်၍ ယူငင်သွားတတ်သည်။ ထိုစဉ်က ရင်တလှပ်လှပ်နှင့် ရပ်ကြည့်နေလိုက်ရသည်ကိုလည်း သူသတိရမိသည်။

ယခုကား တစ်ခေတ်ပြောင်းခဲ့လေပြီ။ လယ်သမားတွေကို ဖူးဖူးမှုတ်နေရသည်။ တစ်မျိုးလုံးတွင်မက တစ်ကမ္ဘာလုံးကလည်း ခေါင်းပေါ်တင်ထားရသည်။ ဘာဖြစ်လို့ သူတို့တစ်တွေ ဒါလောက်တောင် မျက်နှာကြီးနေသည်ကိုတော့ ကိုဖိုးလုံး မသိ။

ရှေးတုန်းကဆိုရင် မျက်နှာကြီးသည့် လယ်ရှင်နှင့်ကိုယ်ပိုင်လယ်လုပ် လယ်သမားများသာ အစိုးရက အမတော်ကြေး ထုတ်ပေးလေ့ရှိသည်။ ကိုဖိုးလုံးလို အာမခံပစ္စည်းမပေးနိုင်သည့် ကျောမွဲလယ်သမားများအဖို့ အမတော်ကြေးပေးရမည့် အရာရှိသည် ဝေးဝေးကရှောင်လေတော့သည်။ ယခုကား အမတော်ကြေးပေးမည့်အရာရှိသည် အိမ်တိုင်ရာရောက်လာပေးကြရသည်။ အမတော်ကြေးတွင်သာမက လယ်ဆုတွေကို

mgyoe.com

mgyoe.com


လည်း ပေးလိုက်သေးသည်။ ဟိုတစ်နှစ်က တောကြမ်းကို တိုးလုပ်သည့် လယ်သမားများတို့သည် တစ်ဧကလျှင် ဆယ့်နှစ်ကျပ်ရကြသည်။ ထိုစဉ်ကလည်း နည်းအမျိုးမျိုးနှင့် တကယ်မစိုက်ဘဲ ထုတ်ယူသုံးစွဲသူများကို ကိုဖိုးလုံးကြည့်ရင်း တစ်ခါတော့ သည်လူတွေ ဒုက္ခရောက်ကြရတော့မှာပဲဟု စိတ်ပူမိသည်။ သို့သော်လည်း သူတို့တစ်တွေ နောက်ဆုံးတွင် ဘာမှမဖြစ်ကြသောအခါ "ငါလည်း ဒီလိုလုပ်လိုက်ရအကောင်းသား" ဟု နောင်တကြီးစွာ ရခဲ့ရလေသည်။ သည်နှစ်တွင်လည်း ကိုဖိုးလုံးတို့နယ်တွင် လယ်တွေရေမြုပ်၍ စပါးများ ပျက်စီးကုန်လေရာ နောက်ထပ်ပြန်လည်စိုက်ပျိုးသူများအား အစိုးရက အမတော်ကြေးတစ်ဆယ်စီထုတ်ပေးသည့်အပြင် စပါးရိတ်ချိန်တွင်လည်း ထိုကဲ့သို့ စိုက်ပျိုးသောလယ်များအတွက် တစ်ဧကလျှင် ဆုတော် ငွေတစ်ဆယ်စီပေးဦးမည်ဟု ကြေညာထားရာ ကိုဖိုးလုံးတို့လူစုတွင် အားကြိုးမာန်တက် ပြန်လည်စိုက်ပျိုးခဲ့ရာ ကောက်ရိတ်ချိန် စပါးထွက်မည့်လှသည်ကို တွေ့ရလေသည်။ စပါးဈေးကလည်း ကောင်းသဖြင့် ကိုဖိုးလုံးသည် ပျော်တပြုံးပြုံးဖြစ်နေလေသည်။

သည်အချိန်တွင် လယ်သမားခေါင်းဆောင် သခင်တုတ်ပေါ် သူ့အိမ်ဘက်သို့ ကူးလာပြန်သည်။ "ဟေ့... မောင်ဖိုးလုံး ဒီနှစ်တော့ တို့တစ်တွေ ပွတာပဲကွ" သခင်တုတ်ပေါ်က ပြောကြားလေသည်။

"ဘာလဲဗျ"

"အစိုးရက အမတော်ကြေးတွေလည်းပေးသေး အခုလည်း တစ်ဧကတစ်ဆယ်နှုန်း ဆုငွေတွေပေး၊ စပါးဈေးကလည်း ကောင်းပါဘိသနဲ့ အစိုးရကိုဘယ်လောက် ကျေးဇူးတင်စရာကောင်းသလဲ"

"အေးဗျ"

"အဲဒါ... ၎င်း ..ပပ်ရေးအရသာပဲကွ"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com


"အဲဒါ အစရှိသေးတယ်။ မင်းလွတ်လပ်ရေးအရသာကို မြည်းရုံရှိသေးတယ်။ နောက်တော့ ဒီထက်ကောင်းတဲ့အရသာတွေနဲ့ မင်းတွေ့ဦးမှာပေါ့"

"အေးဗျ"

ကိုဖိုးလုံးသည် ပြုံးပြုံးကြီး ဖြေလိုက်လေသည်။

"ဟော့... ဒါထက် မောင်ဖိုးလုံးရေ။ မနက်ဖြန်ခါ မြို့အုပ်တို့ရွာလာပြီး လယ်ဆုတွေပေးလိမ့်မတဲ့ကွ" ကိုဖိုးလုံးသည် သည်အကြောင်းကို သိပြီးဖြစ်ပါ၍ မနက်ကတည်းက ဆယ်အိမ်ခေါင်း လာပြောထားပြီးဖြစ်သည်။ ထို့ကြောင့် ကိုဖိုးလုံးက သခင်တုတ်ပေါပြောသောအခါ အရေးမကြီးသလိုသာ ခေါင်းညိတ်လိုက်သည်။

"ဘယ်လိုလဲ" ကိုဖိုးလုံးက မေးလိုက်လေသည်။

"ဘယ်လိုရမလဲကွ၊ တို့အဖွဲ့က မြို့အုပ်ရုံးသွားပြီး တို့ရွာကို မြန်မြန်လာပေးဖို့ အရေးဆိုလို့ မြို့အုပ်လည်းမနေနိုင်ဘဲ လာပေးရတာကွ၊ အမယ်လေး အေးအေးဆေးဆေးနေရင် ဒီမြို့အုပ်ကလား တို့ကို သတိရမှာ" သခင်တုတ်ပေါသည် ရင်ကိုကော့ကာ ဗိုက်ကိုပုတ်၍ ပြောလေသည်။

"ဩော်... ဟုတ်လား" ကိုဖိုးလုံးသည် သခင်တုတ်ပေါကို စိုက်ကြည့်၍ ပြောလိုက်လေသည်။

အတော်ကြာငြိမ်နေကြလေသည်။

"ဩော်... ဒါနဲ့ ကိုလေးတုတ်ပေါ ကျုပ်တို့ဆုထုတ်ဖို့လာရင် ပြေစာပါ ယူခဲ့ရမတဲ့... ဟုတ်လား" ဟု ကိုဖိုးလုံးက မေးလိုက်လေသည်။

"ဟုတ်တယ်... အေးကွာ ဒါလည်း မြို့အုပ်က သက်သက်မဲ့ခြေထိုးတာနဲ့တူတယ်ကွာ။ ငါတို့လယ်သမားတွေကို လယ်ရှင်တွေအောက်ပြန်သွင်းတာကွ။ သက်သက်မဲ့ ငါတို့တစ်တွေ လယ်ရှင်ဆီ ခယရအောင် စီစဉ်တာနဲ့တူတယ်"

mgyoe.com

mgyoe.com


"ဘယ်လိုလဲဗျ" ကိုဖိုးလုံးက နားမလည်သလို မေးလိုက်လေသည်။

"ဘယ်လိုရမလဲ လယ်ရှင်ကို ခယပြီးပြေစာတောင်းရအောင် လုပ်တာကွ။ ငါတော့ ဘာပြောပြော ဆုမရချင်နေ လယ်ရှင်ဆီကိုတော့ ခယပြီး ပြေစာသွားမတောင်းတော့ဘူး"

သခင်တုတ်ပေါသည် ပြောပြောဆိုဆို ထပြန်သွားလေသည်။

ကိုဖိုးလုံးသည် နှီးဖျာနေရာမှ အိမ်ထဲကို လှမ်းကြည့်လိုက်လေသည်။

"ကိုဖိုးလုံး ရှင်ဒီနေ့ လယ်ခသွားပေးမယ်ဆို"

မယ်ရွှေသည် ထမင်းအိုးတည်နေရာမှလှမ်း၍ မေးလိုက်ပြန်သည်။

"အေးကွာ သွားတာပေါ့။ ဒီနေ့ နေ့မြင့်သွားပြီ။ ညနေကျမှ လျှောက်သွားတာပေါ့" ကိုဖိုးလုံးက ခပ်အေးအေး ပြန်ပြောလိုက်သည်။

*

## ၂

ညနေစောင်းအချိန် ဖြစ်လေသည်။

ကိုဖိုးလုံးသည် စပါးရောင်း၍ရသော ငွေကလေးငါးဆယ်ကို အိတ်ထဲတွင်ထည့်ကာ တုတ်တစ်ချောင်းကို ကိုင်၍ မြို့ဆီသို့လျှောက်လေသည်။ သူသည် လှည်းလမ်းတစ်လျှောက်တွင် လျှောက်ခဲ့ရာ ခပ်လှမ်းလှမ်းမှ လူသုံးယောက်လာနေသည်ကို တွေ့ရလေသည်။ အနီးသို့ရောက်သောအခါ သူတို့ရွာထဲမှ လယ်သမားလှဒွန်း၊ သာအိနှင့် ဘိုးပိန်တို့ဖြစ်ကြောင်း သိရလေသည်။သူတို့၏ခြေလှမ်းများသည် အမှားမှားအယွင်းယွင်းနှင့် ဒယီးဒယိုင်ဖြစ်နေလေသည်။

"ဟေ့... ဖိုးလုံး ဘယ်လဲကွ"

mgyoe.com

mgyoe.com


လှဒွန်းက လျှာလေးအာလေးကြီးနှင့် မေးလေသည်။ သာအိနှင့် ဘိုးပိန်သည် သူ့အား မဖွင့်သောမျက်လုံးဖြင့် ကြည့်ကြလေသည်။

"ကိုသာဗျောကြီးအိမ်သွားမလို့"ဟု ကိုဖိုးလုံးက ဖြေ၍ သူတို့ကို ရှောင်မည်အပြုတွင် တစ်ယောက်သောသူက သူ့လက်ကို လှမ်းဆွဲလိုက်လေသည်။

"ဟေ့... ဖိုးလုံးရ မြေရှင်တွေကို အရေးစိုက်စရာ မဟုတ်ပါဘူးကွ။ မင်းက ဘာပြုလို့ သူတို့ကို သွားမှုနေရမှာလဲ။ မင်းရှေ့နှစ်လက်ငုတ်မလုပ်ရမှာစိုးတယ်ထင်တယ်" သာအိက အော်ဟစ်ပြောနေလေရာ လေသင့်တိုင်း ကစော်နံ့တွေ သင်းနေလေသည်။

"မဟုတ်ပါဘူးကွာ... လယ်ခကလေး သွားပေးမလို့ပါ" ဟု ကိုဖိုးလုံးက ခပ်အေးအေးပင် ဖြေလေသည်။

"လယ်ခ ဘာဖြစ်လို့ သွားပေးရမှာလဲကွ။ လာယူလို့ မင်းက ဆင့်ခေါ်လိုက်ပါလား။ လယ်ရှင်တွေကိုအခုမှ နိုင်ရတာ"

ဘိုးပိန်က တရားဓမ္မညွှန်ပြနေပြန်၏။ ကိုဖိုးလုံးသည် သူတို့နှင့် စကားပြောနေ၍ မဖြစ်တော့သည်ကို သိသည်။ သူတို့ကိုယ်တိုင် ပြောနေသော စကားများမဟုတ်။ "ပုလင်း"ကပြောနေသည်ကို သိလေသည်။ ထို့ကြောင့် သူသည် ဆွဲထားသည့်လက်ကိုဖြေ၍ ရှောင်ရန် ဟန်ပြင်လေ၏။

"ဟေ့... ဖိုးလုံးရ တို့လယ်သမားတွေ ရွှေမိုးငွေမိုး ရွာနေပြီကွ။ အစိုးရလည်း တို့အစိုးရ၊ လူထုအစိုးရ၊ လယ်သမားလူထုရဲ့အစိုးရ၊ အမတော်ကြေးတွေလည်း ပေးသကွ။ စပါးဈေးကလည်း ကောင်းသကွ။ လယ်ခလည်း နည်းနည်းလေးပေးရသကွဲ့။ ရွှေမိုးငွေမိုး ရွာပြီ ကွ ဖိုးလုံးရ" လှဒွန်းသည် ခြေဟန်လက်ဟန်အပြင် ခေါင်းခါခါ လည်ခါခါနှင့် ဥဒါန်းကျူးလေရာ သူ့ဘယ်ဘက် လက်ခလယ်တွင်ဝတ်ထားသည့် နီရဲရဲကျောက်လက်စွပ်ကြီးသည်ဝင်လုဆဲဆဲ နေရောင်ခသောကြောင့် တဖျပ်

mgyoe.com

mgyoe.com



ဖျပ်လက်နေသည့်ပြင် လည်ပင်းရွှေကြယ်သီးမှ သွယ်တန်းကာ ကျနေသော လိပ်ပြာရုပ်ထုထုကြီးသည်လည်း ရီးလေးခို၍ စီးနေလေသည်။ ကိုဖိုးလုံးသည် သူ့ကိုကြည့်၍ ပြုံးနေလေ၏။

"ရွှေမိုး ငွေမိုး ရွာပြီဟေ့... ရွှေမိုး ငွေမိုး ရွာပြီဟေ့"

သူတို့သုံးယောက်သည် သံပြိုင်ဆို၍ ဆိုင်းမပါဘဲ အားရပါးရ ဗလာက ကကြလေသည်။ လှဒွန်းသည် အကလွန်၍ ခုန်လိုက်မိရာ သူ့အိတ်ထဲမှ ငွေစက္ကူတွေ လွင့်ကျကုန်လေ၏။ သူသည် ဟိုတစ်ခုသည် တစ်ခုလွင့်ကျနေသည့် ငွေစက္ကူများကိုလိုက်ကောက်ကာ ကောင်းကင်သို့ တစ်ဖန်ပစ်ကြဲ၍ "ရွှေမိုး ငွေမိုး ရွာပြီဟေ့" ဟု အသံကုန်ဟစ်ကြွေးလိုက်ပြီးလျှင် ရှေ့သို့ထိုးလဲသွားကာ ဝေ့ခနဲ အန်ချလိုက်လေ၏။ သာအိနှင့် ဘိုးပိန်သည် သူ့လွှင့်ပစ်လိုက်သည့် ငွေစက္ကူများကို ကောက်ယူကာ သူ့အိတ်ထဲသို့ ပြန်ထည့်နေကြလေသည်။

"ရွှေမိုး ငွေမိုး ရွာပြီကွ၊ ရွှေမိုး ငွေမိုး ရွာပြီကွ"

လှဒွန်းသည် လဲနေရာမှ ခပ်တိုးတိုးကလေး ညည်းနေလေသည်။

"ကိုသာအိတို့၊ ဒီလူဘယ်ကရလာတဲ့ ငွေတွေလဲဗျ။ များလှချည်လား" ကိုဖိုးလုံးက မျက်လုံးပြူးကာ မေးလိုက်လေသည်။

"ကြက်ပွဲက နိုင်တာကွ"

ဘိုးပိန်က ဝင်ပြောလေသည်။

"ကောင်းကောင်းကြည့်ခေါ်သွားပါဗျာ"

ကိုဖိုးလုံးက စိုးရိမ်မကင်းဖြစ်ကာ သတိပေးလေသည်။

"အင်း... ကြက်ပွဲမယ် သူတစ်ယောက်ပဲ အကုန်နိုင်တာပဲ။ တို့လည်း ရှုံးတယ်ကွ" ဟု သာအိက ဆက်ပြောလေသည်။

သာအိနှင့် ဘိုးပိန်သည် လှဒွန်းကို မထူကြလေသည်။ သူတို့နှစ်ဦးသည်လည်း ကိုယ့်ကိုယ်ကိုယ်မှ အနိုင်နိုင်ထိန်းနေရသူများဖြစ်၍ ထူလိုက်

mgyoe.com

mgyoe.com


ရင်း သုံးဦးသားယိုင်၍လဲသွားရင်း ဖြစ်နေလေ၏။ သုံးလေးခါလောက် လဲပြီးမှ သုံးဦးသားတစ်ဦးကိုတစ်ဦး ဖေးကာ ရွာဘက်ဆီသို့ ဒယီးဒယိုင်နှင့်လျှောက်သွားကြလေသည်။ ကိုဖိုးလုံးသည် သူတို့ကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှလှည့်ကာ မြို့ဘက်သို့ လှမ်းခဲ့လေသည်။ ခပ်ဝေးဝေးမှ သဲ့သဲ့မျှထွက်ပေါ်လာသည့် သူတို့သုံးယောက်၏အသံကိုလည်း ကြားလိုက်ရသေးသည်။

"ရွှေမိုးငွေမိုးရွာ ရွှေမိုးငွေမိုးရွာ"

သူသည် ကိုသာဗျောအိမ်ရောက်သည်အထိ သည်အသံကိုသာ ကြားယောင်နေလေသည်။ သူ့လယ်ရှင် ဦးသာဗျောအိမ်နားသို့ရောက်သောအခါ သူ့နားထဲ ထိုအသံသည် တစ်မုဟုတ်ချင်း ကင်းစင်လွင့်ပျောက်သွားလေသည်။ ကိုဖိုးလုံးသည် ကုတ်ချောင်းချောင်းနှင့် အိမ်ထဲသို့ဝင်ခဲ့လေသည်။ ခွေးကတက်တွင် အိပ်နေသောခွေးကြီးသည် သူ့ကိုသွားဖြဲပြကာ ဟိန်းလေသည်။ သူသည် အားတင်းကာ အနီးသို့ကပ်ခဲ့ရာ သူ့လက်တွင်ကိုင်ထားသော တုတ်ကိုမြင်မှ အမြီးကုတ်၍ နေရာမှထသွားလေ၏။ သူသည် အိမ်ရှေ့ခန်းတွင်ထိုင်ရတော့မလို ထရတော့မလိုဖြစ်နေစဉ် ဦးသာဗျောကြီး ထွက်လာလေသည်။ သူသည် ကိုဖိုးလုံးကို မျက်မှောင်ကုတ်၍ ကြည့်လိုက်လေသည်။ သူ့နောက်မှ ဒေါ်မယ်ဟန်လည်း လိုက်ပါလာလေသည်။

"မောင်ဖိုးလုံးတို့များ အခုမှမြင်တော့"

ဦးသာဗျောကိုကျော်၍ ဒေါ်မယ်ဟန်က နှုတ်ဆက်လိုက်လေသည်။ သူတို့နှစ်ယောက်သည် ကုလားထိုင်တစ်လုံးစီပေါ်တွင် ထိုင်ကြလေသည်။

ကိုဖိုးလုံးသည် အချိုသာဆုံးသောမျက်နှာထားကို ဆောင်လိုက်လေသည်။

mgyoe.com

mgyoe.com


"ကျွန်တော်လည်း လာမလို့ပဲအရီးရေ့၊ အိမ်က အရီးတူမက လည်း သိပ်မမာတာနဲ့" ကိုဖိုးလုံးသည် မလိမ်စဖူး ငေါ်မိလိုက်လေသည်။

"အေးကွယ် မင်းတို့ပြောသမျှပေါ့"

ဒေါ်မယ်ဟန်ကပင် ပြန်ပြောလိုက်လေသည်။

"ဟော့ မယ်ဟန် ဘာကိစ္စလာတာလဲလို့ မေးစမ်းပါဦး" ဦးသာဗျောက သူ့ဇနီးကို ပြောလိုက်လေသည်။

"လယ်ခကလေး ပေးရအောင်လို့ပါ"

"ဟော... မင်းတို့ခေါင်းဆောင်တွေက မပေးရဘူးလို့ တရားဟော ထားတာ။ မင်းက ဘာဖြစ်လို့ ပေးချင်ရတာတုံးကွဲ့"

ဒေါ်မယ်ဟန်က စကားနာထိုးလိုက်လေသည်။ ကိုဖိုးလုံးသည် ပြုံး၍သာနေလေသည်။

"ဘယ်လောက်ပေးမလဲလို့ မေးပါဦးကွဲ့"

ဦးသာဗျောက ဒေါ်မယ်ဟန်ကို ပြောပြန်လေသည်။

"ဘယ်လောက်ပေးမလဲကွဲ့"

ဒေါ်မယ်ဟန်က မေးလိုက်ရပြန်၏။

"အစိုးရဆုံးဖြတ်တဲ့လယ်ခွန်တော်... နှစ်"

ကိုဖိုးလုံးစကားမှ အဆုံးမသတ်သေးမီ ဦးသာဗျောကြိုးနေရာမှ ငေါက်ခနဲထလေသည်။

"ဟော့... တော်... တော်... တော်"

ဦးသာဗျောသည် အိမ်ထဲသို့ဝင်သွားလေသည်။

ဒေါ်မယ်ဟန်သည် ကိုဖိုးလုံးကို စိုက်ကြည့်နေလေသည်။ ကိုဖိုးလုံး ကလည်း အထဲဝင်သွားသည့် ဦးသာဗျောကို မျက်စိတစ်ဆုံးကြည့်နေ ပြီးနောက် ဒေါ်မယ်ဟန်ကို ကြည့်လိုက်ပြန်လေသည်။ မျက်စိချင်းဆုံ သောအခါ လွှဲပစ်လိုက်လေသည်။

mgyoe.com

mgyoe.com


"မင်းတို့ တယ်တော်တယ်ဟင်... ကျေးဇူးကန်းတယ်... ဟင်"

ဒေါ်မယ်ဟန်သည် ဒေါကလေးပါပါနှင့် ရန်တွေ့လေသည်။

"ဒီလိုလည်း မဟုတ်ပါဘူး အရီးလေးရာ'

"ဘာ ဒီလိုမဟုတ်ရမလဲကွဲ့။ မင်း အခုလုပ်နေတာ သူများပစ္စည်းကို မသထာရေစာ စားချင်တဲ့လူတွေ မင်းတို့ ဘယ်တော့မှ ကောင်းစားမှာမဟုတ်ဘူး။ ဘယ်တော့မှလူမွေးလူတောင် မပြောင်ဘူးမှတ်။ ကျေးဇူးရှင်ကျေးစွပ်တဲ့လူတွေ"

"မဟုတ်ပါဘူး အရီးလေးရယ်။ ဒါလောက်လည်း ဒေါသမကြီးပါနဲ့။ အစိုးရက ဆုံးဖြတ်ထားတော့ ကျွန်တော်တို့လည်း ဒီအတိုင်း လိုက်နာရတာပါ"

"ဟေ့... မောင်ဖိုးလုံး ဒါတွေက အပိုတွေပါကွဲ့။ မင်းစေတနာရှိလို့ လာပေးရင် ဘယ်သူကမှ မင်းကိုထောင်ချမပစ်ပါဘူး"

"အရီးလေးရဲ့ အများကမပေးဘဲ ကျွန်တော်တစ်ယောက်တည်း ပေးပြန်တော့လည်း တခြားလယ်သမားတွေက ကျွန်တော့်ကို မုန်းဦးမယ်။ လယ်သမားလူထုထဲက ကျွန်တော်တစ်ယောက်တည်း ဖောက်လို့လည်း ဘယ်ကောင်းမလဲ"

"လာပြန်ပြီလား လူထု။ တစ်ခါလာ လူထု တော်ပါကွယ် မောင်ဖိုးလုံးရယ်။ မင်းလည်း ကျေးဇူးကန်းတစ်ယောက်ပါပဲ။ အေးကွယ် မင်းတို့သာ တို့ဆီကို မပေးရဘဲ ရတဲ့ပစ္စည်းတွေနဲ့ စားမကုန်သောက်မခမ်းဖြစ်ပါစေတော်"

ဒေါ်မယ်ဟန်သည် ရုတ်တရက်ထကာ အိမ်ထဲသို့ဝင်သွားပြန်လေ၏။ ကိုဖိုးလုံးသည် အပြင်ခန်းတွင် တစ်ယောက်တည်း ကြောင်တက်တက်ဖြစ်၍ ကျန်ရစ်လေ၏။

"မင်းက ဒီလိုကောင်မျိုး ဒါလောက်ကြာအောင် စကားလက်ခံပြော

mgyoe.com

mgyoe.com


နေရသလားကွ။ ဒီလိုကောင်မျိုး မျက်နှာမကြည့်ချင်ပါဘူး။ အစိုးရက ဒီကောင်တွေကိုပဲ မျက်နှာသာပေးနေတာပဲ။ သူတို့လား သိကြားမင်းက နားကင်းကြီးနဲ့ လာမတောင် မရဘူး"

ဦးသာဗျော၏အသံကို အတွင်းခန်းမှ ကြားရပြန်လေသည်။ ကိုဖိုးလုံးသည် မိမိ၏တုတ်ကလေးကိုကောက်ကာ ထ၍ပြန်ခဲ့လေသည်။ သူသည် အထူးစိတ်မချမ်းမသာဖြစ်လာလေသည်။ မိဘလက်ထက်ကတည်းက ဆက်ဆံလာခဲ့သော လယ်ရှင်ဦးသာဗျော ဒေါ်မယ်ဟန်တို့နှင့် ဆောက်ကျခဲ့သည်ကို တွေးမိတိုင်း ကိုဖိုးလုံးသည် ဝမ်းနည်းပက်လက်ဖြစ်ရလေသည်။

အိမ်သို့ရောက်သောအခါ သူ့ဇနီးမယ်ရွှေကို အကျိုးအကြောင်း ပြောပြလေသည်။

"ငါတော့ကွာ သူတို့တောင်းသလောက်ပဲ သွားပေးလိုက်ချင်ပြီ"

ကိုဖိုးလုံးက နောက်ဆုံးနိဂုံးချုပ်လိုက်လေသည်။

"ပေးစရာ ဘယ်မှာရှိတော့လို့တုံးတော့"

"ပုတ်ထဲမယ် စပါးသုံးလေးဆယ် ရှိသေးတာပဲ"

"အဲဒါ ဝမ်းစာဖို့ထားတာ"

"အေး... ဟုတ်တာပဲ။ ဒါပေးလိုက်ရင် မိုးတွင်းအခက်ပဲ"

"အများနဲ့ပဲတော် အခွန်တော်နှစ်ဆ အစိုးရကဆုံးဖြတ်တဲ့အတိုင်း ယူရင်ယူ မယူရင် မတတ်နိုင်ဘူး"

ပြောပြောဆိုဆို မယ်ရွှေသည် နေရာမှထသွားသောကြောင့် စကားပြတ်သွားလေ၏။

ကိုဖိုးလုံးသည် တစ်ညလုံးအိပ်မပျော်။ မိုးလင်းခါနီးမှ အိပ်ပျော်သွားသော်လည်း ဦးသာဗျောနဲ့ ဒေါ်မယ်ဟန်ကြီးလာကြိမ်းနေသည်ဟု အိပ်မက်မက်နေလေသည်။

နံနက်စောစောတွင် သူသည် စိတ်လေးလေးနှင့် သူကြီးအိမ်သို့

mgyoe.com

mgyoe.com

လာခဲ့လေသည်။ ဆင့်ဆိုထားသည့်အတိုင်း ပြေစာလည်းမပါလာသဖြင့် မြို့ပိုင်ကများ မာန်နေမည်လောဟု တထိတ်ထိတ်နှင့် လူကြားထဲတွင် ရော၍ ထိုင်နေလေသည်။

မကြာမီ မြို့ပိုင်ကြွလာလေသည်။ တစ်ဦးစီခေါ်ယူကာ လယ်ဆု များကိုထုတ်ပေးနေလေသည်။ လူသုံးဆယ်လောက် ရှင်းပြီးသွားလေပြီ။

"လှဒွန်း"

စာရေးက ခေါ်လိုက်လေသည်။ မည်သူမျှပြန်မထူးကြ။ ကိုဖိုးလုံး သည် ယမန်နေ့ညနေက တွေ့ခဲ့သော လှဒွန်းတို့လူသိုက်ကို သတိရလာ လေသည်။

"ဇရက်ချောင်းက လှဒွန်း"

စာရေးကပြန်၍ ခေါ်လေသည်။

"ဟော့... လာရင်လည်း လာတယ်ပြောကွဲ့" မြို့ပိုင်က ဝင်၍ပြော သည်။ မည်သူမျှဘာမျှပြန်မပြောဘဲ ငြိမ်၍နေကြလေသည်။

"ကဲ... လှဒွန်း မလာဘူးထင်တယ်။ နောက်တစ်ယောက် ခေါ် ကြပါ"

မြို့အုပ်က ပြောလိုက်ရာ အစီအစဉ်အတိုင်း နာမည်တွေခေါ်၍ စာရင်းရှင်းပေးနေလေသည်။ အတန်ကြာသောအခါ "သာအိ" ဟု ခေါ် ပြန်လေ၏။ သာအိကား ပေါ်မလာ။

ထိုအချိန်မှာပင် ရွာထဲမှ ဆူဆူညံညံအသံတွေကို ကြားရလေ သည်။ ငိုသံများလည်း ကြားရလေသည်။ သူကြီးအိမ်မှ လူအပေါင်း လည်း ရုတ်ရုတ်ရက်ရက် ဖြစ်သွားလေသည်။

လူလေးငါးယောက်သည် သွေးရဲရဲသံရဲရဲနှင့် လူတစ်ယောက်ကို ထမ်းလာကြပြီးလျှင် အရိပ်အောက်တွင် ချထားလေသည်။ ထိုလူ၏ တစ်ကိုယ်လုံးသည် သွေးနှင့်ဖုန်ရောကာ ဖုံးလွှမ်းလျက် အသက်လည်း

mgyoe.com

mgyoe.com


ကင်းနေသည်ကို တွေ့ရလေသည်။ ကိုဖိုးလုံးသည် အနီးသို့လာ၍ ကြည့်လေသည်။ သူသည် မျက်လုံးပြူးသွားလေသည်။ သူ့ရှေ့တွင် သွေးရဲရဲသံရဲရဲနှင့် အသက်ကုန်နေသူမှာ သူ မနေ့ညက သာအိ၊ ဘိုးပိန်နှင့်အတူတွေ့ရသော လုဒ္ဒန်းဖြစ်လေသည်။ ငွေစက္ကူတွေ ဖောင်းနေသည့် သူအိတ်သည်ပိန်နေလေပြီ။ တလှုပ်လှုပ်နေခဲ့သော သူ့လည်ပင်းမှ တွဲလောင်းကျနေသည့် ရွှေလိပ်ပြာကြိုးနှင့် အင်္ကျီကြယ်သီးများလည်း မရှိတော့ပြီ။ သူလက်ခလယ်တွင် ဝတ်ဆင်ထားခဲ့သော ကျောက်နီလက်စွပ်ကြီးကိုလည်း သူမမြင်၊ ထိုထက်ထူးဆန်းသည်ကား.... သူ့အဖော် သာအိနှင့် ဘိုးပိန်ကိုလည်း.... သူမတွေ့ရ။

ကိုဖိုးလုံးသည် ယမန်နေ့က သူတို့ ကကြသည်ကို မြင်ယောင်နေသည်။ သူတို့သုံးယောက် အားရပါးရသီကျူးကြသည်ကိုလည်း ကြားယောင်နေလေသည်။

"ရွှေမိုး ငွေမိုးရွာ၊ ရွှေမိုး ငွေမိုးရွာ..."

သူသည် ရွာတော့မည်ဆိုသော ရွှေမိုး ငွေမိုးကို စိတ်အားထက်သန်စွာ စောင့်မျှော်လျက်ရှိပါသည်။

❐

mgyoe.com

mgyoe.com

# မြေမဆည်

မန်းတင်ရေးသည်

၁

ကိုဖိုးလုံးတို့တစ်တွေ မျက်နှာကြီးသည့်အချိန်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် လယ်သမားလူထုသည် ရာခိုင်နှုန်းအပြည့် ဖြစ်သည်။ ကိုဖိုးလုံးသည် လယ်သမားတစ်ယောက် ဖြစ်ပါသည်။ လယ်သမားလူထုထဲတွင် ကိုဖိုးလုံးအပါအဝင် ဖြစ်ပါသည်။ လယ်သမားလူထုကြီးကို နိုင်ငံက မြှောက်စားသည်။ ဤနိုင်ငံတစ်ခုတည်းသာမဟုတ်၊ ဆာလောင်မွတ်သိပ်နေသော ဤကမ္ဘာကြီးကလည်း အရေးတယူပြုနေပါသည်။ ထို့ကြောင့် ကိုဖိုးလုံးသည် မျက်နှာကြီးတစ်ယောက်ဖြစ်ရတော့သတည်း။

"မြေရှင်စနစ်ဖျက်လော့…" တစ်ခါတုန်းက ကိုဖိုးလုံးတို့တစ်တွေ မြို့ထဲတွင် အစုအရုံးနှင့် အော်ခဲ့ကြသည်။ မကြာမီ အစိုးရက လယ်မလုပ်သည့် မြေရှင်ကြီးများထံမှ လယ်မြေများကို သိမ်းတော့မည်ဟု ကြားရလေသည်။ ယခုနှစ်ပင် လယ်မြေများကို မြေရှင်များက မချနိုင်တော့ဘဲ ကျေးရွာဘုတ်အဖွဲ့တွေက ချရပြီမဟုတ်လော။

"လယ်ဆုတွေ ချက်ချင်းပေး…" လွန်ခဲ့သော နှစ်ကလည်း…

mgyoe.com

mgyoe.com


ကိုဖိုးလုံးတို့ လူစုသည် ဤလိုအော်ခဲ့ကြသေးသည်။ သုံးလေးရက်ကြာလျှင် မြို့အုပ်ကြီးကိုယ်တိုင် သူတို့ရွာသို့ လာပေးရသည်မဟုတ်ပါလော။ ပေးရုံတင်မကသေး။ "နောက် ဒီလိုမအော်ကြပါနဲ့ဗျာ" ဟုပင် ဝပ်တွားခယ တောင်းပန်သွားရှာသေးသည်။

"အငတ်ပြဿနာ ဖြေရှင်းပါ..." ရေတွေကြီး၍ လယ်တွေနစ်မြုပ်ပြီးလျှင် လူတွေ ဒုက္ခရောက်ရသည့်အချိန်က မြို့ပိုင်ရုံးကို ဝိုင်း၍ အော်လိုက်ရာ၊ နောက်တစ်နေ့တွင် မြို့ပိုင်ကိုယ်တိုင် ဆန်တွေ လာဝေရသည်မဟုတ်ပါလော။ အဲဒီတုန်းကကျောက်နီ နားတောင်းကြီးနှင့် ဥဿဖယားလက်စွပ်ကြီးဝတ်ထားသည့် တောင်ပိုင်းက စပါးပေး ပေးနေကျ ဒေါ်ကြမ်းပုံကြီးပင်လျှင် ငတ်ပါသည်ဆို၍ ဆန်ဝေရာ လာတောင်းသောကြောင့်... "ဗြူလိုကလက်" မြို့ပိုင်က "ခင်ဗျားလား ငတ်တာ... ခင်ဗျားလားငတ်တာ..." ဟု အော်၍ မာန်လွှတ်လိုက်သည်ကို ကိုဖိုးလုံး သတိရမိပါသေးသည်။

ဟော... ယခုလည်း... သူတို့မျက်နှာကြီးပုံတွေကို လက်တွေ့မြင်ကြရပြန်ပါပြီ။

"အမတော်ကြေး... ချက်ချင်းပေး" ကိုဖိုးလုံးတို့လူစု တစ်နေ့က အစည်းအဝေးတစ်ခု ပြုလုပ်ပြီးလျှင် ဤအဆိုကို တင်သွင်းဆုံးဖြတ်ပြီးလျှင် သခင်တုတ်ပေါကိုမြို့သို့သွား၍ အရေးဆိုစေရာ ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် မြို့ပိုင်ကိုယ်တိုင်လာ၍ ပေးရတော့မည်။

ကိုဖိုးလုံးသည် လယ်ထွန်နေရင်း သူတို့တစ်တွေ မျက်နှာကြီးနေပုံတွေကို စဉ်းစားနေမိလေသည်။ သူတို့တစ်တွေ မျက်နှာကြီးနေသည်ကိုတော့ သူသိသည်။ သူကောင်းကောင်း သိပါသည်။ သို့သော် ဘာပြုလို့ သူတို့တစ်တွေ မျက်နှာကြီးရသည်ဆိုသော အကြောင်းရင်းကိုကား သူရှာမတွေ့။

mgyoe.com

mgyoe.com


ကိုဖိုးလုံးသည် ရှာမတွေ့သည်ကို တွေ့အောင်မရှာလိုတော့ပြီ။ သည်လို မျက်နှာကြီးရသည်ကိုပင် ပီတိဖြစ်နေလေသည်။ သည်အတိုင်း ဆိုလျှင် ထိုလယ်သမားလောကကြီးဟာ အပဟန်သားပဲမှာ အောက်မေ့ နေလေသည်။

မိုးသားများ ဖုံးလွှမ်းလျက်ရှိသော နေမင်းသည် သူ့ဦးခေါင်းတည့် တည့်လောက်တွင် ရောက်နေသည်။ သူ့ဝမ်းတွင်းမှလည်း တကြွတ်ကြွတ် မြည်စ, ပြုလာလေပြီ... သူနံနက်က လွေးခဲ့သော ထမင်းကြမ်းနှင့် ငါးပိရည်တို့သည် သူ့ဝမ်းထဲတွင် ဘဝပြောင်းပြီးကြဟန်တူသည်။

သူသည် ထွန်ဖြုတ်ကာ နွားနှစ်ကောင်ကို သူ့ရှေ့မှ မောင်း၍ အိမ် သို့ ပြန်လာခဲ့လေသည်။

နွားတွေမှာလည်း ရွံ့တွေရေစတွေပေလို့...

နွားတွေပင်ပန်းသလို ကိုဖိုးလုံးလည်း ပင်ပန်းနွမ်းနယ်နေလေ သည်။

ကိုဖိုးလုံးဆာသလို နွားတွေလည်း ဆာလှပေတော့မည်။

သို့သော်... နွားရောလူပါ အိမ်အပြန်မို့ ခြေလှမ်းသွက်လှပါ သည်။

*

၂

"မနက်ဖြန်ခါ... သူကြီးအိမ် အမတော်ကြေးလာထုတ်ခဲ့သူများ လယ်ပြေစာယူခဲ့ကြပါတဲ့ဗျို့" သည်အသံ နွားတင်းကုတ်ထဲမှနေ၍ ကြားလိုက်လေသည်။ သူသည် ကပျာကသီနှင့် ထွက်လာပြီးလျှင်၊ သူ့ မယားကို ထပ်၍မေးလိုက်လေသည်။

"ဟဲ့... မယ်ရွှေ... ခုနက ဆယ်အိမ်ခေါင်းက ဘာတွေအော်

mgyoe.com

mgyoe.com


သွားတာလဲ…” ကိုဖိုးလုံးသည် သေချာသည်ထက် သေချာအောင် ထပ်၍ မေးလိုက်ခြင်း ဖြစ်သည်။ အမှန်စင်စစ်တော့ လမ်းမက ဆယ်အိမ်ခေါင်း ကိုအောင်သာကြီး အော်သွားသည်ကို သူကြားပြီး ဖြစ်သည်။

“သူကြီးအိမ်အမတော်ကြေးလာထုတ်တော့… လယ်ပြေစာပါ ယူခဲ့ရမတဲ့တော့…” မယ်ရွှေက ထမင်းအိုးငှဲ့နေရာမှ လှမ်းပြောလိုက်လေသည်။

“ဟော့… ဟုတ်လား… ”သူသည် တွေတွေကြီးရပ်နေပြီး… နောက် သူ့ဇနီးထံသို့ လျှောက်လာခဲ့ပြီးလျှင် “အဲဒါမှ ခက်တာပဲ”ဟု ညည်းညူလိုက်လေသည်။

“ဘာများဖြစ်နေရပြန်တာလဲတော့…” မယ်ရွှေကမျက်စောင်း တစ်ချက်ထိုး၍ နှုတ်ခမ်းစူလိုက်လေသည်။

ကိုဖိုးလုံးသည် သူ့အနီးတွင် ထိုင်ချလိုက်ပြီးနောက် ဒူးနှစ်လုံးကို လက်နှစ်ဖက်နှင့်သိုင်း၍ ရစ်ပတ်ပြီးလျှင် လက်ဖျားနှစ်ဖက်ကို ပတ္တာဆက်သလို ဆက်ထားလိုက်လေသည်။

“ပြေစာယူခဲ့ရမယ်ဆိုတော့ ခက်တာပေါ့ဟ… ” ကိုဖိုးလုံးက စိတ်မရှည်သလို ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။ မယ်ရွှေသည် အတန်ကြာအောင် ငေးစိုက်ကြည့်နေပြီး သဘောပေါက်သွားလေသည်။ သူတို့သည် ဦးသာဗျော ဒေါ်မယ်ဟန်တို့လယ်ကို လုပ်ကိုင်နေရသည်၊ ယမန်နှစ်ကတည်းက သီးစားခ အပေးအယူနှင့်ပတ်သက်ပြီး… ဦးသာဗျော တို့ဇနီးမောင်နှံနှင့် သူတို့ဇနီးမောင်နှံ ခပ်တန်းတန်းဖြစ်ကြသည်။ လယ်ချသည့်အချိန်တွင်လည်း အာဏာပိုင်ကျေးရွာဘုတ်အဖွဲ့က… ဦးသာဗျော တို့လျှောက်လွှာကို ပယ်ချ၍ လယ်ငုတ်သီးစားလုပ်သူတို့ကိုပင် ဆက်လက် လုပ်ကိုင်စေဟု အမိန့်ချမှတ်ခဲ့သည်။ သည်အမိန့်ကြောင့် ဦးသာဗျော မကျေမနပ်ဖြစ်နေသည်ကို သူတို့အသိ ဖြစ်လေသည်။

mgyoe.com

mgyoe.com


"သူများပစ္စည်း မသထာရေစာ စားကြတဲ့လူတွေ ချမ်းသာပါစေတော်" မမယ်ဟန်ကြီးသည် မကြာခဏ သည်လို ဆုတောင်းနေသည်ဟု ကြားရသည်။ တစ်ခါတုန်းကလည်း ကိုဖိုးလုံးမြို့သွားရင်း၊ ဦးသာဗျော တို့အိမ်ရှေ့မှဖြတ်သွားမိရာ၊ ဒေါ်မယ်ဟန်သည် အိမ်ရှေ့သို့ ထွက်လာကာ "ထွီ" ခနဲတံတွေး ထွေးလိုက်ပြီးနောက် အထက်ပါ ဥဒါန်းကို ခပ်ကျယ်ကျယ် ကျူးရင့်လိုက်သည်ကို ကိုဖိုးလုံးကြားသိတွေ့မြင်ခဲ့၍ သုတ်ခြေတင်ခဲ့ရဖူးသည်။

"ချမ်းသာပါစေတော်" ဟူသော မမယ်ဟန်၏ ဆုတောင်းသည် "ပျက်စီးပါစေတော်" ဟူသော အဓိပ္ပာယ်ကိုဖြစ်စေ၍ သူ့နားထဲသို့ ဝင်လာလေသည်။ ကိုဖိုးလုံးသည် သည်အသံကိုသာ ကြားယောင်နေမိ၏။ မယ်ရွှေကိုလည်း သည်အကြောင်းကို ပြန်ပြောမိသေး၏။

"ငါတော့ကွာ... ဒီအသံကြီးကိုပဲ အမြဲကြားနေတာပဲ၊ စိတ်မကောင်းပါဘူးကွာ..." ကိုဖိုးလုံးက မယ်ရွှေကို ပြောလိုက်လျှင် "တော့်နှယ်တော် အများနဲ့ဟာပဲ အဖြစ်ကြီးလိုက်တာ" ဟူ၍သာ နှုတ်ခမ်းစူ၍ပြောရင်း နေရာမှထသွားလေသည်။

ကိုဖိုးလုံးသည် ပြေစာသွားတောင်းရမည့်အရေးကို တွေးရင်းက ဦးသာဗျော ဒေါ်မယ်ဟန် ဇနီးမောင်နှံတို့၏ မျက်နှာကို မြင်ယောင်ကာ ကြက်သီးထနေမိလေသည်။

"သိပ်လည်းတွေးပူမနေပါနဲ့တော်... သွားတော့ တောင်းဦးပေါ့၊ မရရင်လည်းမရတဲ့အကြောင်း၊ နက်ဖြန်ခါကျတော့ ပြောပြတာပေါ့၊ သူမပေးတာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

မယ်ရွှေက ဖျောင်းဖျပြောတော့မှ... ကိုဖိုးလုံးအနည်းငယ် စိတ်သက်သာ သွားလေသည်။ သို့သော် ဦးသာဗျောကြီးနှင့် မျက်နှာချင်းဆိုင်ရမှာကိုပင် သူတွေး၍ ကြောက်နေပေသည်။

mgyoe.com

mgyoe.com



"ဒီမြို့အုပ်ကလည်း ခဏခဏပြေစာတောင်းနိုင်ရန်ကော၊ အမတော်ကြေးပေးတိုင်း ပြေစာတောင်းတယ်၊ ဘာမှန်းလည်းမသိဘူး....."

ကိုဖိုးလုံးသည် ညည်းညူလိုက်လေသည်။ မှန်ပေသည်။ ဘာဖြစ်လို့ မြို့အုပ်ကပြေစာတောင်းသည်ကိုသူမသိ၊ မယ်ရွှေလည်း မသိ။

မယ်ရွှေလည်း... သူ့လင်တော်မောင်ကို လည်တဆန့်ဆန့်နှင့်မျှော်နေလေသည်။ မနက်မိုးလင်းကတည်းက မြို့သို့ပြေစာယူရန် ထွက်သွားရာ၊ နေအတော်မြင့်ပြီဖြစ်သော်လည်း ပြန်မလာသဖြင့် စိတ်ပူစပြုလာလေသည်။

"တကယ်လို့များ အချိန်မီပြန်မရောက်ရင်... အမတော်ကြေးရတော့မှာမဟုတ်ဘူး..." မယ်ရွှေသည် တွေး၍ပူပန်မိသည်။

"ဟဲ့ မယ်ရွှေ... မောင်ဖိုးလုံးကော..." ခေါင်းဆောင်ကြီး သခင်တုတ်ပေါပေါ်လာ၍ မေးသောကြောင့် နောက်သို့လှည့်ကြည့်သည်။

"မြို့သွားတယ် ကိုလေးတုတ်ပေါရဲ့... "

"ဟေ... ဒီနေ့ အမတော်ကြေးထုတ်ရမယ်ဆိုတာ မသိဘူးလား" သခင်တုတ်ပေါက စိုးရိမ်တကြီး ပြောလေသည်။

"အဲဒီ... အမတော်ကြေးထုတ်ဖို့ကိစ္စပေါ့ ကိုလေးတုတ်ပေါရဲ့ လယ်ပြေစာယူခဲ့ရမယ်ဆိုလို့ သွားတောင်းတာ...

"ဟာကိစ္စမရှိပါဘူး အလကားဒုက္ခခံပြီးသွားယူတယ်၊ လယ်ပြေစာမပါပေမယ့် တို့က တာဝန်ခံရင် မြို့အုပ်ကပေးမှာပါ..."

သခင်တုတ်ပေါသည် သူ့ခါးပုံကြားထဲမှ ဆေးရွက်ကလေးများကို ထုတ်ကာ လက်ဝါးပေါ်တွင်တင်၍ ခြေနေရင်း ပြောလေသည်။

"မသိပေါင်တော်... ပြေစာယူခဲ့ရမယ်ဆိုတော့ မပါရင်မရမှာစိုးလို့ သွားယူရတာ ဘယ်သွားတော့ယူချင်မလဲ... အခုလည်းရချင်မှ ရမှာပါ၊ ဒေါ်မယ်ဟန်ကြီးက အပေါက်ဆိုးဆိုးနဲ့..."

mgyoe.com

mgyoe.com

မယ်ရွှေက ဤသို့ပြောလိုက်သည်ကို... သခင်တုတ်ပေါသည် လက်ဝါးထဲမှဆေးတွေကို ပါးစပ်ထဲသွင်းရင်း နားထောင်နေလေသည်။

"မရခဲ့လည်း ကိစ္စမရှိပါဘူးဟာ... အမတော်ကြေး၊ ရအောင်တော့ မြို့ပိုင်ကို ငါပြောပေးပါ့မယ်..."

သခင်တုတ်ပေါသည် ဆေးဝါးရင်း အာမဝန်တာ ခံနေသောကြောင့်၊ မယ်ရွှေသည် အတော်အားရှိသွားလေသည်။

သည်လိုပြောနေကြစဉ်မှာပင် ရွာထိပ်မှ ဆူဆူညံညံခွေးဟောင်သံကို ကြားရလေသည်။

"မြို့အုပ်လာပြီထင်တယ်ဟေ့" သခင်တုတ်ပေါသည် ရေရွတ်ရင်း... မျှော်၍ ကြည့်နေလေသည်။ မကြာမီပင် ဘောင်းဘီတိုနှင့် လူတစ်ယောက်က ရှေ့ဆောင်ကာ၊ နောက်ပါတပည့်လက်သား အစုံအလင်နှင့် မယ်ရွှေတို့အိမ်ရှေ့သို့ ရောက်လာကြလေသည်။

"ကိုလေးတုတ်ပေါ... မြို့အုပ်ဆိုတာ ကျွန်မကို ဖြစ်မ်းပါ..." ဟု မယ်ရွှေက တိုးတိုးကလေးပြောလိုက်ရာ...

"အဲဒီရှေ့က ... ဘောင်းဘီတိုနဲ့ဟာပေါ့... ဟ... " ဟု ပြန်၍ ဖြေသည်။

မယ်ရွှေသည် မြို့အုပ်ဆိုသူကို မျက်တောင်မခတ် ကြည့်နေလေသည်။ "မြို့အုပ်တို့၊ နယ်ပိုင်တို့၊ အရေးပိုင်တို့ဆိုတာ ပြည့်အစေခံတွေပါ... သူတို့ကိုကြောက်စရာမရှိပါဘူး... လူထုကခိုင်းတာကို လုပ်ပေးရမှာပါ..."

သည်လိုဟောနေကျဖြစ်သော နိုင်ငံရေးတရားဓမ္မများကို မယ်ရွှေ ကြားနေကျဖြစ်သော်လည်း မြို့အုပ်ဆိုသူကို အဝေးကြီးက နေ၍ကြည့်ရင်း ကြောက်သလို ရွံ့သလို ဘာလိုလို ညာလိုလို ဖြစ်နေလေသည်။

"သခင်တုတ်ပေါကြီး မာရဲ့နော်..." မြို့အုပ်က မယ်ရွှေနဲ့ သခင်တုတ်ပေါကို လှမ်း၍ နှုတ်ဆက်လိုက်လေသည်။

mgyoe.com

mgyoe.com

"ဟဲ... ဟဲ... ဟုတ်ကဲ့... မာပါရဲ့... " သခင်တုတ်ပေါသည် ပြုံးပြုံးကြီးဖြေရင်း ထိုလူသိုက်နောက်မှ ကပ်ပါသွားလေသည်။ သည်လို မြင် လိုက်ရသောအခါ မယ်ရွှေသည် သူ့ကိုလေးတုတ်ပေါကို ပို၍ အထင်ကြီးသွားလေသည်။

သူသည် စောင်ပုခက်ထဲမှ "အဲ့..." ခနဲ အော်လိုက်သောကလေးသံကြောင့် ထပြေးသွားလေသည်။ ကလေးကို ပုခက်တွင်းမှ ယူလိုက်ပြီး လျှင် နို့တိုက်လေသည်။ သူ့မျက်စိအစုံကတော့ အဝေးကြီးကို မျှော်ကြည့်နေဆဲဖြစ်သည်။ သူ့နို့သီးကို တပြွတ်ပြွတ်စုပ်နေသော သူ့သားလေးကိုပင် သူငုံ့မကြည့်အား။

"ခက်တာပဲနော်... ကိုဖိုးလုံးကလည်း ဘာဖြစ်လို့ ဒါလောက် ကြာရတာပါလိမ့်" သူသည် အမတော်ကြေးမရလျှင် အခက်ပဲဟု တွေးတောပူပန်မိလေသည်။ သည်အချိန်မှာပင် သူ့လင်တော်မောင် သုတ်သုတ်ကြီးလျှောက်လာနေသည်ကို မြင်ရလေသည်။

"မြန်မြန်လာပါတော့... တော့်နှယ် ကြာလိုက်တာ... မြို့အုပ်လာလို့ သခင်တုတ်ပေါတို့တောင် သွားကုန်ပြီ..."

"ပြေစာလည်း တောင်းလို့မရခဲ့ပါဘူးကွာ..." ကိုဖိုးလုံးသည် ညည်းညည်းညူညူပြောရင်း လေးကန်သောခြေလှမ်းများနှင့် သူ့ဆီသို့ လာနေလေသည်။

"ပြေစာမရပေမယ့်ကိစ္စမရှိပါဘူးတဲ့တော့... ကိုလေးတုတ်ပေါက မြို့အုပ်ကို သူပြောပေးရင်ရမှာပဲတဲ့... အဲဒါတော်သာ မြန်မြန်လိုက်ပေတော့"

မယ်ရွှေသည် သွက်သွက်ကြီးပြော၍ တိုက်တွန်းနေလေသည်။ ကိုဖိုးလုံးသည် သူ့နားကိုလာ၍ထိုင်ရင်း နဖူးမှချွေးတွေကို သုတ်နေလေသည်။

"ဟော့... ဟုတ်ပါ့မလားကွာ... တော်တော်ကြာ အမာန်ခံနေရပါဦးမယ်..." သူသည် စိတ်ပျက်ပျက်နှင့် ပြောလိုက်ရာ...

mgyoe.com

mgyoe.com


မယ်ရွှေသည် အားမလို အားမရဖြစ်လာလေသည်။

"တော့်နယ်တော် အပြောရခက်လိုက်တာ သွားမှာသာ သွားပါတော့... ကိုလေးတုတ်ပေါ်ပြောရင်... မြို့အုပ်ကပေးမှာပါ... ကိုလေးတုတ်ပေါက မြို့အုပ်အပေါ်မယ် သြဇာရှိတယ်တော်ရဲ့... သိရဲ့လား... ခုနကတောင် သခင်တုတ်ပေါ် မာရဲ့လားလို့မေးသွားသေးတယ်၊ သွားပါတော်တော်ကြာ နောက်ကျနေဦးမယ်..."

မယ်ရွှေသည် ပြောရင်း ဆိုရင်း သူ့ကို တွန်းနေလေသည်။

"အေးကွာ... သွားပါ့မယ်" ကိုဖိုးလုံးသည် အိမ်ထဲသို့ဝင်ကာ ရေတစ်မှုတ်သောက်ပြီးနောက် သူကြီးအိမ်သို့ထွက်ခဲ့လေသည်။

*

## ၃

သူကြီးအိမ်တွင် လူတွေကြိတ်ကြိတ်တိုးနေလေသည်။ ကိုဖိုးလုံးသည် နောက်နားကျကျတွင် ကုပ်ကုပ်ကလေး ဝင်၍ ထိုင်နေလေသည်။ မြို့ပိုင်၏စားပွဲနားတွင် ဘုတ်လူကြီးတွေဝိုင်း၍ ထိုင်နေကြသည်။ မြို့ပိုင်သည် တစ်ယောက်စီခေါ်၍ စစ်ဆေးရာ၊ ဘုတ်လူကြီးများထံမှလည်း ပြောသည့်အတိုင်း ဟုတ် မဟုတ်ကို စုံစမ်းနေလေသည်။

"မောင်ဖိုးလုံး..." သူရောက်၍ မကြာမီပင်... သူ့နာမည်ကို ခေါ်လိုက်လေသည်။ သူ့ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားလေသည်။ သူသည် လူကြားထဲမှတိုးကာ... မြို့ပိုင်နှင့်ဘုတ်လူကြီးတွေရှေ့တွင် ရပ်နေလေသည်။

"ပြေစာပါသလား..." မြို့ပိုင်က မေးလိုက်လေသည်။

"မပါဘူးဗျ... သွားတောင်းတာ မရဘူး... မပေးဘူးတဲ့..." ကိုဖိုးလုံးက ခေါင်းခါခါ လက်ခါခါနှင့် ဖြေလေသည်။

mgyoe.com

mgyoe.com


"ခင်ဗျား ဘယ်နားကလယ် လုပ်သတုံး..." မြို့ပိုင်နားတွင် ထိုင်နေသော မြေတိုင်းစာရေးက မေးသည်။

"ဟို–ဟို–ဇီးပင်ကလေးဘက် လက်ပံပင်ကြီးအောက်က..."

"ဟာ... ခင်ဗျား ဆီးပင်တွေ လက်ပံပင်တွေ ဘယ်သိမလဲဗျာ၊ ကွင်းနံပါတ်တို့... ဦးပိုင်နံပါတ်တို့မသိရင်လည်း... အရှေ့ဘက်က ဘယ်သူ့လယ် အနောက်ဘက်က ဘယ်သူ့လယ်ရှိတယ်ဆိုတာ ပြော ဗျာ..." ဟု မြေတိုင်းစာရေးက ဆိုလေသည်။

ကိုဖိုးလုံးသည် အတော်လန့်သွားလေသည်။ သူသည် မျက်စိ ကလေး ပေကလပ် ပေကလပ်နှင့် သခင်တုတ်ပေါ်ကို လှမ်းကြည့်လိုက် လေသည်။ သခင်တုတ်ပေါ်က "မကြောက်ပါနဲ့ပြောသာပြော" ဟူသော မျက်နှာထားမျိုးနှင့် သူ့ကိုပြန်ကြည့်လိုက်လေသည်။ ကိုဖိုးလုံးသည် တံတွေးကို မျိုချလိုက်လေသည်။

"အင်း... ဟုတ်ကဲ့... ဟို တောင်ဘက်က ဖိုးသာအေးလယ် မြောက်ဘက်က အာဒနားချစ်တီး အရှေ့ဘက်က သာထွန်းအောင် နောက်ဘက်က ရိုး..."

ကိုဖိုးလုံးသည် တစ်လုံးချင်းပြောပြနေပေသည်။ မြေတိုင်းစာရေး သည် မြေပုံကြီးကိုဖြန့်၍ရှာနေလေသည်။

"အဲဒီလယ် ဘယ်နှဧကရှိသလဲ. . . ." မြို့ပိုင်က ကြားဖြတ်၍ မေးလိုက်ပြန်ပေသည်။

"အသေအချာတော့မသိဘူးခင်ဗျာ..." မှန်သည်။ သည်လယ် ဘယ်နှဧကရှိသည်ကို သူအသေအချာမသိ... သိရန်လည်း ဂရုမပြုခဲ့။

"ဒီလယ်လုပ်တာတာ ဘယ်လောက်ကြာပြီလဲ..."

"ကျွန်တော့်အဖေ လက်ထက်တည်းကပဲ... ကျွန်တော် လုပ်လာ တာ ငါးနှစ်လောက်ရှိပြီ..."

mgyoe.com

mgyoe.com


"ဒါတောင် ခုထက်ထိ ဘယ်နှစေ ရှိမှန်းမသိဘူးနော်..." မြို့ပိုင်သည် မျက်နှာကြီးရှုံ့၍ ချိုးမွမ်းလိုက်လေသည်။

"ဟော... ဟော... တွေ့ပြီ... ကွင်းနံပါတ် ၉ ဦးပိုင်နံပါတ် ၆၃ မြေချိန်စေ (ကိုး)စေ ဒသမ (ငါး)မနှစ်က အားလုံးစိုက်တယ်..." မြေတိုင်းစာရေးက ပြောလိုက်လေသည်။

"ဒီနှစ်မှ တိုးတဲ့တောကြမ်းမရှိဘူးပေါ့..." မြို့ပိုင်မင်းကဆိုလျှင် "ဟုတ်ကဲ့..." ဟု မြေတိုင်းစာရေးက ပြောလေသည်။

"ဘယ်နဲ့... တောကြမ်းထဲက ပါနေရသလဲဗျ... ခင်ဗျားတို့ ဘုတ်ဆရာကြီးတွေ ဟန်မကျလို့ စာရင်းတွေရှုပ်နေတယ်... ဒါကြောင့် အခုပြေစာတွေနဲ့ရှင်းနေရတာဗျ..."

မြို့ပိုင်က ဗြူရိုကရက်သံပါပါနှင့် ပြောလိုက်ရာ၊ ဘုတ်လူကြီးတွေ လူကြီးရှက်တော့ ရယ်သည်ဟူသော ရှေးသူကြီးသူမစကားနှင့်အညီ တစ်ပြိုင်တည်း ပြုံးလိုက်ကြလေသည်။

"အခုစစ်နေရတာဟာ လယ်ကြမ်းတိုးတဲ့လူတွေ အမတော်ကြေး ဆယ့်ငါးကျပ်ပေးပြီး လယ်နုသမားတွေကို ခြောက်ကျပ်နှုန်းပေးမှာ ကြောင့် စစ်ဆေးနေရတာဗျနော်..."

မြို့ပိုင်သည် သည်လိုပြောပြီးနောက်၊ ကိုဖိုးလုံးဘက်သို့ လှည့်လိုက်သည်။ "ကဲ... ခင်ဗျားလည်း မှတ်ထား ကိုယ်ဒီလယ်လုပ်တာ ငါးနှစ် တောင်ရှိပြီပဲ၊ ကွင်းနံပါတ် ဘယ်လောက်၊ ဦးပိုင်နံပါတ် ဘယ်လောက် စေဘယ်လောက်ရှိတယ်ဆိုတာ မသိဘူး၊ ခင်ဗျားတို့ သိပ်ပြီး လျှော့ တာ... ခင်ဗျားတို့ကို ဒါကြောင့် ဟိုလူတွေက ဖြီးစားနေတာ၊ ကဲ... မှတ်ထား၊ ဒီတစ်ခါအိမ်ပြန်သွားရင် ကွင်းနံပါတ် ဦးပိုင်နံပါတ်နဲ့စေကို အိမ်ထရံမှာ မီးသွေးခဲနှင့် ရေးထားသိလား၊ ခဏခဏလည်း ပြေစာ တောင်းမနေရဘူး... သိရဲ့လား..."

mgyoe.com

mgyoe.com


မြို့ပိုင်က တရားရှည်ကြီးဟောနေရာ ကိုဖိုးလုံးက ခေါင်းညိတ်လိုက်လေသည်။ "ကဲ… စာရေးကြီး သူ့ကွင်းနံပါတ်နဲ့ ဦးပိုင် ပြောလိုက်ပါဦး…"

တိုက်စာရေးကြီးဘက်သို့ လှည့်၍ပြောလိုက် စာအုပ်ကိုလှန်လှော ပြီးနောက် ရွတ်ပြလေသည်။ "ကွင်းနံပါတ်(ကိုး) ဦးပိုင် နံပါတ်ခြောက်ဆယ့်သုံး၊ မြေချိန် ဧရိယာ(ကိုး)ဧက ဒသမ(ငါး)" ကိုဖိုးလုံးသည် မြေတိုင်းစာရေးရွတ်ပြသည်ကို လိုက်၍ဆိုလေသည်။

"ကဲ… သွားတော့… တော်တော်ကြာ လက်မှတ်ထိုးပြီးမှ… တစ်ဧကခြောက်ကျပ်နှုန်းနဲ့ အမတော်ကြေးလာယူ…" မြို့ပိုင်က ပြောလိုက်ရာ ကိုဖိုးလုံးသည် သူ့နေရာတွင် သူသွား၍ထိုင်နေလေသည်။

မြို့ပိုင်သည် အခြားသောသူများကိုလည်း တစ်ယောက်စီခေါ်၍ ကိုဖိုးလုံးနည်းတူပင် စစ်ဆေးပြီးလျှင် မိမိတို့၏ကွင်းနံပါတ် ဦးပိုင်နံပါတ်တို့ကိုလည်း ကိုဖိုးလုံးနည်းတူပင် သင်ကြားလွှတ်နေပေသည်။

"ကွင်းနံပါတ်(ကိုး) ဦးပိုင် နံပါတ်ခြောက်ဆယ့်သုံး မြေချိန် ဧရိယာ(ကိုး)ဧက ဒသမ(ငါး)" ကိုဖိုးလုံးသည် တတွတ်တွတ်ရွတ်ရင်း ထိုင်စောင့်နေပေသည်။

*

၄

"ကိုဖိုးလုံးသည် စက္ကူအသစ်ကလေးများကို သူ့အိတ်ထဲတွင် ထည့်၍ သုတ်သုတ်ကြီးပြန်ခဲ့လေသည်။

ရှက်စရာကောင်းလှတော့သည်။ သည်လယ်ကို သူ လုပ်လာသည်မှာ ငါးနှစ်ရှိသော်လည်း ဦးပိုင် နံပါတ်ကိုလည်းမသိ…၊ ကွင်းနံပါတ်ကိုလည်းမသိ… အကျယ်အဝန်းကိုလည်း သူမမှု၊ လယ်ရှင်က ဆယ်ဧကဆိုသဖြင့် ဆယ်ဧကပင် ယုံကြည်ခဲ့၏။ တစ်ဧကလျှင် ၁၅ တင်းနှုန်းနှင့်

mgyoe.com

mgyoe.com


တစ်ရာ့ငါးဆယ်နှစ်တိုင်းပေးခဲ့သည်။ ယခုမှ ကွင်းနံပါတ်ကိုလည်း သူသိတော့သည်။ ဦးပိုင်ကိုလည်း သိခဲ့ပြီ၊ ကေအမှန်ကိုလည်း သိခဲ့ပြီ။

"ဒီဟာတွေကို ထရံမှာ မီးသွေးခဲနဲ့ရေးထား" မြို့ပိုင်ပြောလိုက်သည်ကို ကြားယောင်နေသည်။ "ကွင်းနံပါတ် (ကိုး) ဦးပိုင်နံပါတ် ခြောက်ဆယ့်သုံး ဧရိယာ(ကိုး)ဧက ဒသမ(ငါး)" သူသည် တစ်လမ်းလုံး တဖျစ်တောက်တောက် ရေရွတ်လာခဲ့လေသည်။ လမ်းမှ ဆီးကြိုနှုတ်ဆက်သူများကိုပင်... ပြန်၍ နှုတ်မဆက်အား၊ သူလုပ်ရသောလယ်၏ ကွင်းနံပါတ် ဦးပိုင်နံပါတ်နှင့် ဧရိယာတွေမေ့သွားလျှင် မခက်ပါလော။ သူသည် ခေါင်းငိုက်စိုက်ချကာ... သည်ဟာကိုပဲ ရွတ်ဆိုလာလေသည်။

"ကိုဖိုးလုံး ရခဲ့ရဲ့လား" သူ့မယ်ရွှေက ဆီးကြို၍မေးလေသည်။ ကိုဖိုးလုံးသည် ခေါင်းညိတ်ပြသည်၊ ပါးစပ်မှ အဖြေမပေးနိုင်၊ အဖြေမပေးအား၊ သူ့ပါးစပ်သည် တဖျစ်တောက်တောက် ရွတ်ဆိုနေရလေသည်။

အိမ်အပြင်ဘက် ကြမ်းပြင်တွင် ထိုင်နေသော မယ်ရွှေသည် သူ့ကို စိုက်ကြည့်နေလေသည်။ သူသည် အနားသို့ရောက်လာကာ ဘာမပြော ညာမပြောနှင့် မီးဖိုထဲသို့ဝင်သွားလေသည်။ "ကိုဖိုးလုံး ရခဲ့ရဲ့လားတော့..." မယ်ရွှေက ထပ်၍မေးလိုက်လေသည်။ ကိုဖိုးလုံးသည် အဖြေမပေးဘဲ မီးဖိုထဲမှ မီးသွေးခဲတစ်ခဲကိုကောက်ယူကာ ပြန်ထွက်လာ၍ အိမ်ရှေ့ နံရံနားတွင် ရပ်လိုက်ပြီးနောက် ညာလက်ကိုမြှောက်၍ ကိုင်ထားပြီး မီးသွေးခဲနှင့် ထရံကိုထိထားလိုက်သည်။ "ကွင်းနံပါတ် (ကိုး) ဦးပိုင် နံပါတ် ခြောက်ဆယ့်သုံး ဧရိယာ(ကိုး)ဒသမ (ငါး) ကိုဖိုးလုံးသည် တစ်လုံး ချင်းရွတ်လေသည်။ သို့သော်... သူ့လက် သည်နံရံပေါ်တွင် စာလုံးများ ပေါ်လာအောင် မီးသွေးခဲနှင့်ခြစ်၍ မဖန်ဆင်းနိုင်၊ အခုမှ သူသတိရတော့သည်။ ဝမ်းနည်းပက်လက်ကြီး သတိရလာပါသည်။

"ငါ စာမတတ်ပါကလား..." အမတော်ကြေးချေးစဉ်ကပင်

mgyoe.com

mgyoe.com


လက်မှတ်မထိုးတတ်၍ လက်ပုံနှိပ်ပေးခဲ့ရသေးသည်မဟုတ်ပါလား။

"ဟဲ့ မယ်ရွှေ မယ်ရွှေ... " ကိုဖိုးလုံးသည် သူ့ကိုကြောင်ကြည့်နေသည့် မယ်ရွှေအား အလန့်တကြားခေါ်လိုက်လေသည်။ မယ်ရွှေသည် ထိတ်ထိတ်ပျာပျာနှင့် ကလေးကိုပွေ့ရင်း၊ သူ့ဆီသို့ပြေးလာလေသည်။

"ရော့... ရော့..." ကိုဖိုးလုံးသည် မီးသွေးခဲကို မယ်ရွှေအား လှမ်းပေးလိုက်သည်။ ပြီးနောက် သေသေချာချာကြည့်နေလေသည်။

"ဟဲ့ မယ်ရွှေ ငါပြောတာ မြန်မြန်ရေးစမ်းပါဟာ... ကြာရင် မေ့သွားပါလိမ့်မယ်... ကွင်းနံပါတ်(ကိုး) ဦးပိုင်နံပါတ်(ခြောက်ဆယ်သုံး) ဧရိယာ(ကိုး)ဒသမ(ငါး)

ကိုဖိုးလုံးသည် သွက်သွက်ကြီးပြောနေရာ မယ်ရွှေသည် ကြောင်မြဲကြောင်နေလေသည်။

"ရေးပါဟာမြန်မြန်..." ကိုဖိုးလုံးက မယ်ရွှေ၏လက်ကိုဆွဲ၍ နံရံနှင့်ကပ်ပေးလိုက်သည်။

"ဘာတုံးတော့ ကျုပ်မှ စာမတတ်ပဲ..."

မယ်ရွှေက ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်ရာ၊ ကိုဖိုးလုံးသည် သူကိုင်ထားသည့် မယ်ရွှေ၏လက်ကို ဆောင့်ဆောင့် အောင့်အောင့်ပင် လွှတ်ချလိုက်သည်။ မယ်ရွှေလက်ထဲမှ မီးသွေးခဲသည် ကြမ်းပြင်ကို ဒေါက်ခနဲထိပြီးနောက် အပေါက်မှ ကျသွားလေသည်။ မြို့ပိုင်နှင့် တိုက်စာရေးပြောလိုက်သည့် ဦးပိုင်နံပါတ်၊ ကွင်းနံပါတ်၊ ဧရိယာတို့သည် ကိုဖိုးလုံးခေါင်းထဲမှ တစ်မဟုတ်ချင်း ပျောက်သွားတော့သည်။

ကိုဖိုးလုံးသည် သူ့မယားကို ပြူးကျယ်သောမျက်လုံးအစုံတို့ဖြင့် စူးစိုက်၍ကြည့်နေလေသည်။

❐

mgyoe.com

mgyoe.com

# အရသာ

မန်းတင်ရေးသည်

၁

မိုးတစိမ့်စိမ့်...

ကိုဖိုးလုံးသည် လုံချည်တိုတိုဝတ်ကာ ခမောက်ကြီးကို ဆောင်းလျက်၊ ခပ်သုတ်သုတ် လျှောက်နေလေသည်။ သူသည် ကျေးရွာလယ်မြေချထားရေး ဘုတ်အဖွဲ့ရုံးထိုင်ရာ သူကြီးအိမ်မှ ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။

"ကိုသာဗျော မမယ်ဟန်တို့မယ်ရှိတဲ့ မြောက်ချောကွင်းလယ်ကိုးဧကခွဲတစ်ရှင်လုံးကို လက်ငုတ်သီးစား ကိုဖိုးလုံးကို ချလိုက်တယ်..."

သူသည်... သည်အသံကို ကြားယောင်နေလေသည်။ သူသည် သည်အသံကြောင့်၊ မြူးသွားလေသည်။ သူသည် ပြုံးပင် ပြုံးလိုက်မိသေး၏။ သူသည် ပြုံးပြုံးကြီးလုပ်၍ တစ်ဖက်တွင် ထိုင်နေသော ဦးသာဗျောနှင့် ဒေါ်မယ်ဟန်တို့ကို လှမ်းကြည့်လိုက်ရာ ခေါင်းငိုက်စိုက်ကျသွားသည်ကို မြင်ရလေသည်။ အထက်သို့ နှစ်စထောင်နေကျဖြစ်

mgyoe.com

mgyoe.com


သော ဦးသာဗျော နှုတ်ခမ်းမွေးကြီးများပင်လျှင် အောက်သို့ ကောက်ကျ သွားသည်ဟု ထင်လိုက်မိသည်။

သူသည်... သည်လို မြင်လိုက်ရပြန်သောအခါ၌လည်း စိတ်မကောင်း ဖြစ်သွားပြန်လေသည်။ ထို့ကြောင့် မျက်နှာလွှဲပစ်လိုက်ပြီးလျှင် ချက်ချင်းသူကြီးအိမ်မှ ထွက်ခွာခဲ့လေသည်။ သူသည် အတွေးရေယဉ်ကျောတွင် မျောပါလာရာ အိမ်ပေါက်ဝရောက်နေသည်ကိုပင် သတိမထားမိ။

"ဘယ့်နဲ့ကိုဖိုးလုံး... ဟန်ရဲ့လား..." သူ့မယား မယ်ရွှေကသာ သည်လို အိမ်ပေါက်ကဆီးကြို၍ မမေးလိုက်လျှင် လွန်၍လျှောက်သွားမိမည်ဖြစ်သည်။

"အေး..." ကိုဖိုးလုံးသည် တစ်လုံးတည်းဖြေပြီးလျှင် သက်ပြင်းကြီးတစ်ချက်ချ၍ ခြေပစ်လက်ပစ်ကြီး ထိုင်ချလိုက်လေသည်။ မယ်ရွှေသည် ထဘီကိုခါးချပ်ဝတ်လျက် ကလေးကိုနို့တိုက်ရင်း သူ့နားသို့ လာထိုင်လေသည်။ ကိုဖိုးလုံးသည် ဇနီးသည်၏ ရင်ညွန့်ကို တစ်ချက် လှမ်းကြည့်လိုက်ရာ အမောပြေသလိုလို ဖြစ်သွားလေသည်။ သူ သည် ခမောက်ကြီးကိုချွတ်၍ ကြမ်းပြင်ပေါ်တွင် ချထားလိုက်လေသည်။

"ကဲ... ဘယ့်နှယ့်လဲ ရခဲ့ရဲ့လား" မယ်ရွှေက နောက်ထပ်မေးလိုက်ပြန်သည်။ သူသည် အကျိုးအကြောင်းကို သိချင်ဇောနှင့် စိတ်စောနေသူဖြစ်သည်။

"အေး... ရခဲ့ပါတယ်"

"တော့်ဟာက ရခဲ့တယ်လည်းဆိုရဲ့ မျက်နှာကြီးက အောက်သိုးသိုးကြီးနဲ့" သူ့မယားသည် သူ့ကိုကြည့်၍ အားမရသလို နှုတ်ခမ်းကလေး ခပ်စူစူနှင့် ပြောလိုက်လေသည်။

"ငါ စိတ်မကောင်းလွန်းလို့ပါဟာ"

mgyoe.com

mgyoe.com


"ဘာများ စိတ်မကောင်းနေရပြန်တာလဲ"

ဘုတ်လူကြီးတွေကတော့ တို့ဘက်ကချည့်ပါပဲ။ လက်ငုတ်တွေတော့ အားလုံးလိုလိုပြန်ချတယ်။ ငါလည်း ဒီလယ် လက်လွတ်သွားရင် အခက်ပဲ။ ဒါပေမဲ့ ဘုတ်လူကြီးတွေက ငါ့ကိုလက်ငုတ်လယ်ပြန်ချလိုက်တယ်လည်းဆိုရော အဘိုးကြီး အမယ်ကြီးမျက်နှာတစ်ခုလုံးဟာ မည်းသွားတာပဲ။ ဒီတော့ လယ်ရလို့တော့ ပျော်ပါရဲ့။ သူတို့မျက်နှာတွေမြင်ရတာ စိတ်မကောင်းလိုက်တာကွာ"

ကိုဖိုးလုံးသည် ပြောရင်း အဝေးသို့ မျှော်ကြည့်နေလေသည်။ မယ်ရွှေသည် အဘိုးကြီးအဘွားကြီးမျက်နှာကို မြင်ယောင်ကာ ဝမ်းနည်းရတော့မလိုလို ဖြစ်သွားလေသည်။ သူ၏ရင်ခွင်မှ သားငယ်ကို နို့ပြောင်းတိုက်ရင်း သူတို့၏အခြေအနေကို သုံးသပ်နေလေသည်။

"သနားစရာကောင်းတာပဲ။ ဒါပေမဲ့ သူတို့ကလည်း ဧကငါးဆယ်လောက်ရှိတဲ့ထဲက ကျုပ်တို့လုပ်နေတဲ့လယ်ကိုမှ ကိုယ်တိုင်ပြန်လုပ်ချင်တယ်ဆိုတာက ဘာသဘောလဲ။ ဒါသက်သက်မဲ့ ညစ်ပတ်တာပေါ့..." မယ်ရွှေသည် သူ့အမေးကိုပင် သူအဖြေပေးလိုက်သည်။

"အေး... ဒါလည်း သူတို့ညစ်ပတ်တာနဲ့တူတာပဲ။ ဒါတော့လည်းလေ တို့က လယ်ခွန်တော်နှစ်ဆကပိုပြီး သီးစားခမပေးဘဲကိုး"

ကိုဖိုးလုံးက ခပ်အေးအေးပြန်ပြောလိုက်ရင်း သူ့မယားချထားသော ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ကောက်၍ဖွာနေသည်။

"တခြားလူတွေက ပေးလို့လား" မယ်ရွှေက မျက်လုံးပြူး၍ မေးလိုက်လေသည်။

"အေး တချို့ကလည်း မနှစ်ကနှုန်းအတိုင်း တိတ်တိတ်သွားပေးထားကြတယ်လို့ ကြားတာပဲ။ ဒါကြောင့်မို့ တို့ကိုချည့် ဖိထောင်းနေတာပဲ"

mgyoe.com

mgyoe.com


"မညီလို့ ခက်နေတာပေါ့"

"အေးကွာ... အမှန်တော့ သင့်သင့်မြတ်မြတ်ဖြစ်တာ ကောင်းတာပဲ။ လယ်ရှင်နှင့်သီးစားဆိုတာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသလို တစ်ဦးနှင့်တစ်ဦး မှီနေကြတာပဲ။ ငါတော့ ဒီလိုဖြစ်ရတာ စိတ်မကောင်းပေါင်ကွာ"

လယ်သမားခေါင်းဆောင် သခင်တုတ်ပေါကြီး ဝင်လာသဖြင့် ကိုဖိုးလုံး စကားဖြတ်လိုက်လေသည်။ သခင်တုတ်ပေါသည် ပျော်တပြုံးပြုံးနဲ့ မော်မဆုံးဖြစ်နေသည်။ မိုးစဲသွားပြီဖြစ်သဖြင့် နေရောင်ကလေး လက်နေသည်။

"ဟော့... မောင်ဖိုးလုံး ဘယ်လောက်ဟန်သလဲကွ။ အဲဒါ လွတ်လပ်ရေးရဲ့ အရသာတစ်မျိုးပဲ" သခင်တုတ်ပေါသည် ပြောပြောဆိုဆို ကိုဖိုးလုံးအနားတွင် ဝင်၍ထိုင်လေသည်။ မယ်ရွှေသည် ရုတ်တရက်ထကာ အတွင်းခန်းသို့ ဝင်သွားလေသည်။ ကိုဖိုးလုံးသည် သခင်တုတ်ပေါ ပြောသည့်အရသာကို အခုမှသတိရကာ စားမြုံ့ပြန်နေလိုက်လေသည်။

ရှေးတုန်းဆိုလျှင် လယ်ပြန်ချပါမည့်အကြောင်း လယ်ရှင်ကိုခယရသည်။ ထင်းတိုက်ပေးလိုက်ရသေးသည်။ ရေခပ်ပေးလိုက်ရသေးသည်။ လယ်ရှင်အိမ်တွင် သာမှုနာမှုရှိလျှင်လည်း ကျုံး၍လုပ်ပေးရသည်။ လယ်ရှင်မျက်နှာကို အမြဲကြည့်နေရသည်။ လယ်ရှင်မျက်နှာမသာလျှင် နောင်နှစ်ငါ့မှချပါတော့မလားဟု တစိုးရိမ်ရိမ်ဖြစ်နေခဲ့ရသည်။ ယခုမူ လယ်ရှင်ကချသည်ဖြစ်စေ မချသည်ဖြစ်စေ အရေးမဟုတ်။ မိမိတွင် အရည်အချင်းနှင့်ပြည့်စုံလျှင် အဖွဲ့ကချမည်ဖြစ်သည်။ တစိုးရိမ်ရိမ် တထိတ်လန့်လန့် ဖြစ်ရန်မလိုတော့ပြီ။ သည်လိုမပူမပင် နေလို့ရခြင်းပင် ကိုဖိုးလုံးအဖို့ အရသာဖြစ်သည်။ သို့သော်... ဤ အရသာသည် ကိုဖိုးလုံးအဖို့ လေးလေးပင်ပင် မရှိလှ။ မျက်မှောင်ကြီးတွေကုတ်နေသည့် ဦးသာဗျောနှင့် ဒေါ်မယ်ဟန်ကို မြင်ရသော်ခဏဌ် ဆိဆားမပါသည့်

mgyoe.com

mgyoe.com


ထမင်းကြမ်းချိုးကို အတုံးလိုက် အတစ်လိုက် ရေမပါဘဲ မျိုချရသလို ပေါ့ရွှတ်ရွှတ်နှင့်လည်ပင်းတွင် တစ်ဆို့ကြီးဖြစ်နေလေသည်။

"ဟိုတုန်းကဆိုလျှင် လယ်ရှင်တွေဟာ ဘယ်လောက် မောက်မာသလဲ။ အခုတစ်ခါတည်း ပျော့ကျသွားကုန်ပြီ"

သခင်တုတ်ပေါက သည်လိုစကားစလိုက်ပြန်မှ ကိုဖိုးလုံးသည် သတိပြန်ရလာပြန်လေသည်။ "အေး... ဗျ" သူသည် အမှတ်တမဲ့ ဝန်ခံလိုက်လေသည်။

"ဒီနေ့တော့ဟော့... တို့ဘုတ်အဖွဲ့က သီးစားတွေချဖို့ အခွင့်အရေးပေးလိုက်တာပဲ။ ဒါပေမဲ့ ဒီလူတွေတော့ ခရိုင်အဖွဲ့ကို ပြေးကြဦးမှာပဲ။ ငါတော့ကွာ ဒီနေ့လောက် တစ်သက်တစ်ခါအရသာ မရှိဖူးဘူး။ တို့ကို တစ်သက်လုံးနှိပ်စက်လာတဲ့ လယ်ရှင်တွေကို ဒီနေ့အနိုင်ယူလိုက်ရတာပဲ။ ဘုတ်လူကြီး သခင်တုတ်ပေါသည် ပါးစပ်မှအမြှုပ်ထွက်မတတ် အားရပါးရကြီးပြောနေလေသည်။

"ကိုလေးတုတ်ပေါရဲ့ မသိလို့မေးစမ်းပါရစေ။ လယ်ရှင်တွေက ကိုယ့်လယ်ကိုယ်လုပ်ချင်ရင် ဧကနှစ်ဆယ်ပေးရမယ်လို့ဆိုပါကလား ဗျ။ ဟုတ်လား..." သခင်တုတ်ပေါအနားသို့ကပ်သွားကာ ကိုဖိုးလုံးက တိုးတိုးကလေး မေးလိုက်သည်။

"စည်းမျဉ်းတွေ၊ ဥပဒေတွေ၊ ပုဒ်ထီးတွေ ငါနားမလည်ဘူးကွ။ ငါနားလည်တာကတော့ သီးစားတွေ လက်ငုတ်လယ်ပြန်လုပ်ဖို့ပဲ"

သခင်တုတ်ပေါကလည်း နားနားသို့ကပ်၍ အသံအုပ်ကလေးနှင့် ပြောလိုက်ပြီးနောက် မှေးနေသော မျက်ပေါက်နှစ်ခု ပိတ်သွားအောင် အားရပါးရကြီး ရယ်လိုက်သည်။

"အဲဒါမှ အရသာကွ။ တကယ့်အရသာ ထူးတဲ့အရသာ ဟား... ဟား... ဟား"

mgyoe.com

mgyoe.com


သခင်တုတ်ပေါ၏အသံသည် ကျယ်လောင်လှသဖြင့် ခပ်လှမ်းလှမ်း မာလကာပင်အောက်တွင် အိပ်နေသော ခွေးဝဲစားမကလေးပင် လန့်နိုးကာ ရပ်လျက်အမြီးကုပ်ကလေးနှင့် သူ့ကို ကြောင်ကြည့်နေ၏။

ကိုဖိုးလုံးသည် သခင်တုတ်ပေါ၏ ဖြစ်အင်ကိုကြည့်၍ အတော်သဘောကျသွားလေသည်။ မယ်ရွှေသည် ထဘီရင်ရှားနှင့် လက်ဖက်ရည်အိုးလာချသည်။ ကိုဖိုးလုံးသည် လက်ဖက်ရည်ပန်းကန်နှစ်လုံးထဲတွင် အငွေ့တထောင်းထောင်းနှင့် လက်ဖက်ရည်တွေငှဲ့ထည့်ရင်း ပြုံးနေလေသည်။

"မယ်ရွှေ နင့်ယောက်ျား လယ်ပြန်ရတာ ကြားပြီးပြီလား။ တို့အဖွဲ့က သူ့ကိုပြန်ချလိုက်ပြီဟ။ ဦးသာဖျောကြီး တစ်ခါတည်း ရှုံ့မဲ့သွားတာပဲ"

အတွင်းခန်းသို့ ပြန်ဝင်သွားသည့်မယ်ရွှေကို သခင်တုတ်ပေါက လှမ်း၍ ပြောလိုက်လေသည်။ မယ်ရွှေသည် နောက်လှည့်မကြည့်ဘဲ

"ဟုတ်ကဲ့ သိပါပြီ" ဟု ပြန်ပြောရင်းက မီးဖိုဆောင်ဘက်သို့ ဝင်သွားလေသည်။

"ငါ့လယ်ရှင် ကိုလှဘူးကြီးကလည်း သူ့လယ်သူပြန်လုပ်ချင်တယ်တဲ့ ဘယ်ရမလဲကွ။ ရာရာစစ ဘုတ်လူကြီးရဲ့ လက်ငုတ်များကို ဒီမနေ့ရှင်က လုချင်သေးတယ်"

သခင်တုတ်ပေါသည် အငွေ့တထောင်းထောင်းနှင့် လက်ဖက်ရည်ကြမ်းကို ရှိုးခနဲမြည်အောင် စုပ်ယူလိုက်လေသည်။

*

၂

ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေလေသည်။ ညို့မှိုင်းနေသော တိမ်တောင်တိမ်လိပ်ကြီးများသည် အနောက်တောင်ဘက်တစ်ခိုမှ

mgyoe.com

mgyoe.com


အပြေးအလွှားလာနေလေသည်။ လျှပ်စစ်နှင့်ရောလျက် ထစ်ချုန်းလိုက်သည့် မိုးကြိုးသံများသည် ဂျပန်ခေတ် လွတ်လပ်ရေးရစဉ်က ဗုံးချသံများ ကိုဖိုးလုံးပြေး၍ သတိရမိလေသည်။ ကိုဖိုးလုံးသည် နွားတင်းကုပ်ပေါက်ဝမှနေ၍ ကောင်းကင်ကြီးကိုမျှော်ကြည့်နေပေသည်။ လေသည် တဟူးဟူး တိုက်ခတ်လျက် ရှိသည်။ ကောင်းကင်တွင် မိုးသားတို့သည် ပြေးလွှားနေပေသည်။ လေသံသည် ပြင်းလာလေသည်။ အနီးအနားရှိ သစ်ပင်ကြီးများသည် လေ၏အရှိန်ကို တွန့်လိမ့်ကာ ဖွဲကောင်းကောင်းနှင့်ခံနေကြရလေသည်။ လေပြင်းတစ်ချက်သည် ခပ်ကြမ်းကြမ်းဖော့လိုက်ရာ ကိုဖိုးလုံးဦးခေါင်းပေါ်တွင်ဆောင်းထားသည့် ခမောက်ပင် လွင့်ပါသွားလေသည်။ ကိုဖိုးလုံးသည် ကပျာကသီနှင့် လိုက်ကောက်နေစဉ် မိုးပေါက်ဆိန်ရွာချလိုက်လေသည်။

သူသည် သူ့နွားတစ်ရှဉ်းနှင့် လယ်ထဲသို့ဆင်းခဲ့လေသည်။ သူ့လယ်နှင့် ကန်သင်းတင်လယ်တွင် ဖိုးလှ လယ်ထွန်နေသည်ကို ကိုဖိုးလုံးတွေ့ရသောအခါ အတော်အံ့အားသင့်သွားလေသည်။

“ဟော့... ကိုဖိုးလုံး” ဖိုးလှက လှမ်း၍နှုတ်ဆက်လေသည်။ ဖိုးလှသည် လယ်ပိုင်ရှင်ဖြစ်လေသည်။ သူသည် လူပျိုဘဝတည်းက မိဘနှင့်အတူ လယ်လုပ်လာသူဖြစ်သည်။ နောက်မိဘများသေဆုံးသွားသည့်အခါ ယခုသူထွန်နေသည့် ဆယ့်ငါးဧကလယ်တစ်ကွက်ကို အမွေရလိုက်ခြင်း ဖြစ်လေသည်။ ထိုလယ်ကိုပင် သူဆက်လက်လုပ်ကိုင်လာခဲ့သော်လည်း ဂျပန်ခေတ်တုန်းကတော့ စပါးဈေးညှိဖျင်းမှုကြောင့် လယ်ကိစ္စအဝဝကို သူ့လက်တွင် သူရင်းငှားလုပ်သူ ကိုသာအေးကိုပင် လွှဲပြီး လှေသူကြီးလုပ်ကာ ဆန်အိတ်များနှင့်အညာသို့တက်၍ ကုန်ရောင်းကုန်ဝယ်လုပ်ကိုင်ခဲ့သဖြင့် ဂျပန်ငွေအမြောက်အမြား ဂုန်အိတ်ငါးလုံးအပြည့် ချမ်းသာခဲ့သူဖြစ်သည်။ အင်္ဂလိပ်ဝင်စအခါကလည်း ဆန်အိတ်

mgyoe.com

mgyoe.com


တစ်ရာလောက်ကို တင်ကာ အညာသို့ ဆန်တက်သွားရာက ဆန်အိတ်ဖိုး ရှုံးသည့်အပြင် ဓားပြကပါ အလုခံလိုက်ရသဖြင့် လှေပါမြုပ်ပြီး ငုတ်တုတ် ထိုင်နေရသူ ဖြစ်သည်။ ထို့ကြောင့် မိမိလက်ရှိလယ်ကလေး ဆယ့်ငါး ဧကကို ပြန်လည်လုပ်ကိုင်ရန် လွန်ခဲ့သော နှစ်နှစ်က ကြိုးစားခဲ့သော် လည်း ဖိုးသာအေးကမပေးသဖြင့် ခေါင်းငုံ့ပြီးသာ မှိုင်ခဲ့ရသည်။ ယခုနှစ် တွင်လည်း ကျေးရွာဘုတ်က လက်ငုတ်ကို သာအေးကိုသာ ပြန်ချလိုက် ပြန်သဖြင့် အကြွေရကျပ်နေစဉ် ခရိုင်အဖွဲ့သို့ အယူခံဝင်ခဲ့ရာ သူ့ရာဇဝင်ကို အပြန်အလှန်သုံးသပ်ပြီးနောက် သူ့ကိုလုပ်ရန် ပြန်လည်ချထားလိုက် သဖြင့် မြူးနေသူဖြစ်လေသည်။

"ကိုဖိုးလုံးရေ ခင်ဗျားလည်း အသိသားပဲ။ ကျုပ်ဟာ မွေးကတည်း က လယ်သမားပါ။ ဂျပန်ခေတ်က မလုပ်မိတာနဲ့ အရင်းရှင်လေး မြေရှင် လေးနဲ့ အစွပ်စွဲခံရတယ်၊ ဒီလယ်လေးပြန်မရရင်တော့ အခက်ပဲ။ ဖိုးလှ သည် ကိုဖိုးလုံးကို ညည်းညည်းညူညူ ပြောဆိုနေလေသည်။ ကိုဖိုးလုံး သည် ဘာမှပြန်မပြောဘဲ ငြိမ်၍နားထောင်နေလေသည်။

မိုးသည်ဖြိုင်ဖြိုင်ကြီး ရွာသွန်းနေလေသည်။ ဖိုးလှနှင့် ကိုဖိုးလုံး သည်လည်း ကြိမ်တမမ တောက်တခေါက်ခေါက်နှင့် ထွန်နေလေသည်။ သူတို့နှစ်ဦးလယ်ကွက်များသည် ကန်သင်းတင်ဖြစ်သည်။ တစ်ခါတစ်ရံ တစ်ဦးနှင့်တစ်ဦးဝေးသွားလိုက် နီးသွားလိုက် လယ်ကွက်ကြီးကို ပတ်ချာ လှည့်နေကြလေသည်။

"နောက်သုံးလေးရက်ကြာရင်တော့ ပျိုးကျပါလိမ့်မယ်" ဖိုးလှက စကားစလိုက်လေသည်။ ကိုဖိုးလုံးက "အေးဗျ" ဟု ဖြေလိုက်သည်။ သူတို့သည် ကျောချင်းခိုင်း၍ ဝေးသွားကြပြန်သည်။

နှမ်းလျှညိုးခွေနေသော ရိုးပြတ်ငုတ်များ၊ စိမ်းလန်းနေသည့်မြက် ခင်းများအပြင် ဟင်းနုနယ်ပင်၊ ထိကရုန်းပင်တွေနှင့် တန်ဆာဆင်အပ်

mgyoe.com

mgyoe.com


သော မြေပြင်သည် ထွန်သွား၏ဒဏ်ချက်ကြောင့် အတုံးလိုက် အခဲလိုက် အစိတ်စိတ်အမြွှာမြွှာဖြစ်ကြကုန်လေသည်။

*

၃

လယ်ကွင်းကြီးတစ်ခုလုံး စိုပြည်နေလေသည်။ မိုးရေကြောင့် နူးနေသောလယ်မြေသည် ထွန်သွားတို့နှင့် အဖန်ဖန်နယ်ထားပြီးဖြစ်၍ သိမ်မွေ့နေပြီဖြစ်သည်။ အချို့သောလယ်ကွက်ထဲတွင် ပျိုးပင်ငယ်တို့ဖြင့် စိမ်းလန်းနေလေသည်။ အချို့သောလယ်ကွက်များတွင် ရေအနည်းငယ်တင်ကာ နေရောင်ဟပ်လိုက်သောအခါ တဖျပ်ဖျပ်တောက်ပြောင်နေပေသည်။ အချို့သောလယ်ကွင်းများတွင်ကား ကိုကျောမွဲများသည် တဟဲ့ဟဲ့နှင့် လယ်ထွန်ဆဲဖြစ်၍ သူတို့တစ်ကိုယ်လုံးသည် ရွှံ့တွေရေတွေနှင့် ရွှဲရွှဲစိုနေလေသည်။

ကိုဖိုးလုံးသည် နံနက်စောစောကြီး လယ်ကွက်ထဲသို့ ဆင်းခဲ့လေသည်။ စိမ်းလဲ့လဲ့ပျိုးခင်းငယ်တို့သည် လေကလေးသုတ်ဖြူးလိုက်သောအခါ အလေးပြုနေကြသော စစ်သည်တော်များပမာ ဦးခေါင်းညွှတ်လိုက်ကြသည်။ လေညင်းကလေး နှော့လိုက်သောအခါများတွင်လည်း သူတို့သည် တလူလူလူပ်ရှားနေကြလေသည်။ ကိုဖိုးလုံးသည် သူတို့တစ်တွေကိုကြည့်၍ ပျော်နေလေသည်။

"ကိုဖိုးလုံးရ လူ့ကုသိုလ်ဆိုတာ တယ်ဆန်းတာပဲဗျ"

သူတို့ဆီသို့ ပေါက်ပြားကြီးကိုထမ်းကာ သွက်သွက်ကြီးလာနေသော ဖိုးသာအေးကြီးက ဝါးနှစ်ရိုက်လောက် အကွာမှနေ၍ အော်ပြောလိုက်လေသည်။ ကိုဖိုးလုံးသည် သူ့ကိုကြောင်၍ ကြည့်နေလေသည်။

mgyoe.com

mgyoe.com


"ကိုဖိုးလုံးရ ခင်ဗျားမသိသေးဘူး ထင်တယ်။ ဒီလယ်ကို ကျုပ်ပြန်ရပြီ ကျုပ်ကို ကျုပ်တို့ရွာက ဘုတ်လူကြီးတွေချထားတာ..."

ကိုသာအေးသည် အနီးသို့ရောက်လာကာ ပေါက်ပြားကြီးကို ပစ်ချရင်းပြောလိုက်လေသည်။

"အေး–အဲဒါ အရေးပိုင်နဲ့ ခရိုင်အဖွဲ့က ဖိုးလှကို ပြန်ပေးသွားတယ်ဆိုတာကြောင့် ဖိုးလှကြီးတောင် ပျိုးတွေဘာတွေထောင်ပြီး နေပြီဆို"

ကိုဖိုးလုံးသည် နားမလည်နိုင်ဘဲ ရှိနေလေသည်။

"သူ့ဟာသူ ပျိုးထောင်ရုံမကလို့... စိုက်ပြီးနေနေ အခုအရေးပိုင်သော ဘာသောညာသော၊ တို့ဘုတ်ကချတာကို ဘယ်သူ့မှ မပြင်နိုင်ဘူး၊ ဒါကြောင့် ဒီလယ်ကို ကျုပ်ပြန်ရပြီ... ဟီ... ဟီ... ဝမ်းသာလိုက်တာကွာ... ထွန်ပြီး၊ ယက်ပြီး၊ ပျိုးထောင်ပြီးလေး ရတာပေါ့..."

ကိုသာအေးသည် ပြုံးပြုံးကြီး ပြောလိုက်ရာ ကိုဖိုးလုံးသည် ကြောင် တက်တက်ကြီး ဖြစ်သွားလေသည်။ သူသည် ဘာမှမပြောဘဲ ခပ်လှမ်းလှမ်းသို့ လှမ်းကြည့်နေပေသည်။

လူသုံးယောက်သည် သူတို့ဆီသို့ လယ်ကန်သင်းမှ လျှောက်ကာ သွက်သွက်ကြီးလာနေကြလေသည်။

"ဟိုတစ်ယောက်ကတော့ သူကြီးပဲ" ကိုဖိုးလုံးက ပြောလိုက်ရာ ကိုသာအေးကလည်း လှမ်း၍ ကြည့်လိုက်လေသည်။

"ဟိုနှစ်ယောက်ကတော့... ဖိုးလှနဲ့သခင်တုတ်ပေါ့ပဲ..."

ဖိုးသာအေးသည် သူ့လယ်ရှင် ဖိုးလှကို အဝေးကြီးကပေမယ့် ကောင်းကောင်းကြီး မှတ်မိပါသည်။ သူသည် မမြင်သလိုလို မမူသလိုလိုနှင့် ကန်သင်းကိုပေါက်ပြားနှင့် ပေါက်နေလေသည်။ မကြာမီ သူတို့သုံးယောက်စလုံး အနားကိုရောက်လာကြပေသည်။

"ဖိုးသာအေး... " သူကြီးက အသံပြုလိုက်လေသည်။

mgyoe.com

mgyoe.com


"ဘာလဲ..."ကိုသာအေးက အခုမှသိသလိုလို ပေါက်ပြားကို ချ၍ ခါးထောက်လိုက်လေသည်။

"ဒီလယ်က ဒီလိုဖြစ်နေတယ်ကွဲ..."ဟု သူကြီးက အစချီကာ ပထမကျေးရွာအဖွဲ့က လက်ငုတ်သာအေးသို့ ချထားသည်မှန်သော်လည်း အရေးပိုင်နှင့်ခရိုင်အဖွဲ့က စည်းမျဉ်းအတိုင်း လယ်ရှင်ဖိုးလှကို ပြန်ပေးခဲ့ရာ လယ်ရှင်သည်အစစအရာရာ လုပ်ကိုင်ပြီးစီးပြီဖြစ်၍ ပျိုးများပင်ကျနေပြီဖြစ်ကြောင်းတို့ကို လေပြေထိုး၍ ပြောနေပေရာ ကိုသာအေးသည် ရွာတော့မည့်ရွှေမိုးလို မျက်နှာထားကြီးနှင့် နားထောင်နေလေသည်။

"ဒီတော့ တို့ကတော့ နှစ်ဦးနှစ်ဖက် မနစ်နာအောင်ပေါ့ကွယ်" ခေါင်းဆောင်ကြီးသခင်တုတ်ပေါသည် အချိန်ကြာမြင့်စွာ ငြိမ်နေရာမှ ဝင်ထောက်လိုက်လေသည်။

"ဘာလဲ... ခင်ဗျားက မြေရှင်ဘက်က လိုက်ချင်ပြန်ပြီလား"

ကိုသာအေးက၊ သည်လို တစ်ချက်ဟောက်လိုက်ရုံနှင့် ကျွန်ုပ်တို့ ခေါင်းဆောင်ကြီးသည် နကမ္ဘတိဖြစ်သွားလေသည်။

"လိုက်တယ်ရယ်လို့လည်း ဘယ်ဟုတ်မလဲကွယ်... တို့ချတာတွေ အတည်ဖြစ်တယ်၊ ဘယ်သူမှ မပြင်နိုင်ဘူးဆိုပေမယ့် တို့ကသဘောတူရင် ပြင်နိုင်တယ်ကွ..."သူကြီးသည် ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

"ဟင်... ခင်ဗျားတို့ အစတုန်းကတော့... ကျုပ်ကိုချတယ်... ခုတော့ ခင်ဗျားတို့ငွေစားပြီး မြေရှင်ဘက်က လိုက်တာလား ဟင်"

"သာအေးရ... ဒီလိုမပြောနဲ့ကွဲ..." သခင်တုတ်ပေါက ဝင်ထောက်လိုက်ပြန်လေသည်။

"ပြောတယ်... ဗျ၊ ဘာဖြစ်သေးသလဲ... ခင်ဗျားတို့တစ်တွေ

mgyoe.com